မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၁၂ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၆၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများကို ဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

မိုဘိုင်းလ်တယ်လီဖုန်းစနစ် ပိုမိုကောင်းမွန်ရန်နှင့် တပ်ဆင်ခန့်ခွဲထားများ လျှော့ချနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ ပြဋ္ဌာန်းချက်များနှင့်အညီ လူမျိုး၊ ဘာသာ၊ ဒေသ၊ အယူဝါဒစွဲမပါသော အသင်းအဖွဲ့များကို ဖွဲ့စည်းခွင့်ပြုနေ

နေပြည်တော် မတ် ၁၁

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဌမနေ့

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃) ဦး ရှိသည့်အနက် (၄၃၁) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး အဌမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၁၂ ရက်)

သစ်တောသစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေး ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံတွင် သစ်တောသယံဇာတများစွာ ပေါက်ရောက်ဖြစ်ထွန်းလျက်ရှိသည်။ သစ်ပင်သစ်တောတို့သည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အကျိုးပြုနေသည်သာမက ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကိုလည်း ပြုပြင်ပြောင်းလဲစေသည်။

သစ်တောသစ်ပင်များ ရှင်သန်ပေါက်ရောက်သည်နှင့်အမျှ ရာသီဥတုသည်လည်း ကောင်းမွန်ပြီး စိုက်ပျိုးသီးနှံများဖြစ်ထွန်းကာ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေသည်။ သို့သော် သစ်တောသစ်ပင် ပြုန်းတီးပျက်စီးပါက ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်ကာ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများဖြစ်ပေါ်ပြီး အပူလှိုင်းကျရောက်ခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ ဆီးနှင်းထူထပ်စွာ ကျရောက်ခြင်းနှင့်အတူ လူတို့၏စီးပွားဥစ္စာ ဆုတ်ယုတ်ပျက်စီးဆုံးရှုံးရသည်။

တော၊ တောင်၊ ရေ၊ မြေနှင့် ဂေဟစနစ်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအပေါ် အကျိုးပြုလျက်ရှိရာ သစ်တောသစ်ပင်များ ရှင်သန်ပေါက်ရောက်ရေးအတွက် ပြုစုပျိုးထောင် စောင့်ရှောက်ကြရမည်ဖြစ်သည်။ သစ်တောဂေဟစနစ်၏ လူသားများအပေါ် အကျိုးပြုမှုတွင် ဒီရေတောများလည်း ပါဝင်လျက်ရှိရာ ဒီရေတောများသည် လေပြင်းမုန်တိုင်းတိုက်ခတ်မှုများမှ ကာကွယ်ပေးခြင်း၊ ငါးပုစွန်များ ရှင်သန်ပေါက်ပွားကြီးထွားစေရန် အထောက်အကူပေးခြင်း စသည်ဖြင့် အကျိုးပြုလျက်ရှိသည်။

နိုင်ငံတစ်ဝန်း သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ အထူးကျွန်းစိုက်ခင်းစီမံကိန်းများ၊ ဒီရေတောများပြန်လည်စိုက်ပျိုးထိန်းသိမ်းရေးစီမံကိန်း၊ ရေဝေရေလဲဒေသစီမံကိန်း စသည်ဖြင့် အထူးစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ရှေးယခင်က မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်ခဲ့ရာ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးမှ ၁၃ ခရိုင်အထိ တိုးချဲ့ဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ ရာသီဥတုပိုမိုကောင်းမွန်လာပြီး ဒေသခံပြည်သူများ သီးနှံစိုက်ပျိုး ဖြစ်ထွန်းလျက်ရှိသည်။

သစ်တော သစ်ပင်များသည် ပြည်သူတို့ကို အကျိုးပြုလျက်ရှိသည်သာမက ကမ္ဘာ့ပတ်ဝန်းကျင် ပျက်စီးမှုမရှိအောင်နှင့် ညစ်ညမ်းမှုမရှိအောင်လည်း ထိန်းသိမ်းပေးလျက်ရှိရာ သစ်တောသစ်ပင်များ ထာဝရ ရှင်သန် ပေါက်ရောက်ဖြစ်ထွန်းရေးအတွက် တိုင်းရင်းသားပြည်သူများက ပြုစုပျိုးထောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရိုးရာပန်းအစည်းအရုံး(ဗဟို)နှင့် အိန္ဒိယနိုင်ငံမှ ပန်းချီဆရာများ နှစ်နိုင်ငံပန်းချီပညာအကြောင်း နှီးနှောဖလှယ်

ရန်ကုန် မတ် ၁၁

အိန္ဒိယနိုင်ငံမှ ပန်းချီဆရာမ Miss Madhavi Parekh ဦးဆောင်သော ပန်းချီဆရာအဖွဲ့သည် မတ် ၃ ရက်မှ ၉ ရက်အထိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့်အတူ မြန်မာ့ရှေးဟောင်းအမွေအနှစ်ဖြစ်သော ပုဂံမြေသို့ လေ့လာရေးထွက်ခဲ့ကြပြီး မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံးမှ နာယကများ၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ပန်းချီ လှတင်ထွန်း)၊ အတွင်းရေးမှူး ဦးကြည်ဝင်း(Today) ဦးဆောင်သော အစည်းအရုံးမှ အမှုဆောင်များနှင့်တွေ့ဆုံကာ အိန္ဒိယ-မြန်မာပန်းချီပညာအကြောင်းနှင့်အတွေ့အကြုံများကို နှီးနှောဖလှယ်ခဲ့ကြသည်။(အပေါ်ပုံ)

ကြည့်ရှုလေ့လာ

အိန္ဒိယနိုင်ငံမှ ပန်းချီဆရာများသည် မတ် ၉ ရက်က အစည်းအရုံးမှ တာဝန်ရှိသူများနှင့်အတူ ဗဟန်းမြို့နယ်ရှိ မြန်မာအတ်စင်တာ၊ နယူးထရက်(စ်)ရှာနှင့် ပြည်လမ်းရှိ IBC ပန်းချီပြပွဲများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရှိရသည်။ (ဝ၄၂)

ကျောက်လမ်းခင်း

လှိုင်ကော်မြို့နယ် နာနတ်တော-ထေးပလောခူ ကျောက်လမ်းခင်း ခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်က ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန် ကွင်းဆင်းစစ်ဆေးရာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မတ် ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် မြန်မာနိုင်ငံသို့လာရောက်မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်ဟွီးပြည်နယ်မှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား အကျိုးတူစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းအလိုက် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးမည်

အဆိုပါ တွေ့ဆုံပွဲတွင် အန်ဟွီးပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် Chemical products, bio-chemical, bio-energy and bio pharmaceutical, Vehicles in china, Car production, Automobile Part, Light industrial products, machinery and electronic products, medicines Health product and pharmaceutical raw materials, Real Estate, Garment (including ladies wear,men's wear and children wear), Banking system, Cargo Transportation, International Freight Forwarding business enterprise, air conditioning and air source, Fire engine manufacturers, Food and Feed additives, Agricultural products, Wood, Handicraft Furniture, rose-wood furniture and willow rattan, bamboo, animal husbandry, Fisheries, diesel, cement producing technology and equipment, railway engine, water conservancy and hydropower engineering, civil and public engineering, building construction engineering, construction machinery components, Import and Export အစရှိသည့် လုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ရောင်းဝယ်မှုပြုနိုင်ရန် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

အထက်ပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပါဝင် တက်ရောက်လိုသူများသည် ကုန်သည်/စက်မှုအသင်းချုပ် (နိုင်ငံတကာဆက်ဆံရေးဌာန) သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၁၄၃၄၄ မှ ၄၉အထိသို့လည်းကောင်း ဆက်သွယ်မေးမြန်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် မတ် ၁၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံး(သန်လျင်)၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့-ရန်ကုန်တို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မတ် ၈ ရက် နံနက်က ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သီရိဧတာ ခန်းမ(၃)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရဲထွန်းက အမှာစကားပြောကြားပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစံဟို (အပေါ်ပုံ)၊ စစ်ဆေးရေးမှူး (၃) ဦးဘိုနီနှင့် ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့ ရန်ကုန်မှ ရဲအုပ်ကျော်ထွန်းဝင်းတို့က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်စပ်လျဉ်း၍ ပရိုဂျက်တာဖြင့် အသေးစိတ် ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မတ် ၁၁

(၅၈)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား မတ် ၁၈ ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသိရှိရသည်။

(ဆရာဝန်အသင်း)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

ဝါးခယ်မမြို့ အထက (၁)နှင့် (၂)၊ အလက(၁)နှင့် (၂)တို့မှ သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့် ရန်ကုန်ရောက် ဆရာ ဆရာမကြီးများအား (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အသင်းတိုက်တည်ရှိရာ လသာမြို့နယ် စဉ့်အိုးတန်းလမ်း အမှတ် (၁၂) ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုံးကျော်(ငြိမ်း) ဖုန်း-၅၄၉၃၀၁၊ ၀၉-၅၁-၈၅၉၇၂၊ အတွင်းရေးမှူး ဗိုလ်ကြီးသန်းဌေး (ငြိမ်း) ဖုန်း-၃၉၃၁၀၅၊ ၀၉-၅၁-၃၇၁၉၂၊ ဘဏ္ဍာရေးမှူး ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅-၃၇၀၉၂နှင့် အသင်းတိုက် ဖုန်း-၂၂၆၅၉၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ရှေ့နေချုပ် ဦးအေးမောင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော် မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မူဆယ်မဲဆန္ဒနယ်မှ စိုင်းဘိုးအောင်က **ရှမ်းပြည်နယ်မှ ဆေးကျောင်းသားများသည် နီးစပ်ရာ မန္တလေးတက္ကသိုလ်၌ မတက်ရဘဲ ပိုမိုခရီးဝေးသည့် မကွေးဆေးတက္ကသိုလ်သို့ သွားရောက်သင်ကြားရခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စီးပွားရေးတက္ကသိုလ်ကျောင်းသားများသည် မုံရွာစီးပွားရေးတက္ကသိုလ်သို့ သွားရောက်သင်ကြားရခြင်းတို့ကဲ့သို့ ဇုန်အလိုက် သတ်မှတ်ထားသည့် တက္ကသိုလ်ကောလိပ်များတွင်သာ သွားရောက်ပညာသင်ကြားရသည့် ကန့်သတ်ချက်ကြောင့်လည်းကောင်း၊ နေထိုင်စားသောက်စရိတ်နှင့် ခရီးစရိတ်ဝန်ပိမှုကြောင့် လည်းကောင်း သားသမီးများ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်ရေးတွင် အခက်အခဲများစွာ ကြုံတွေ့ရပါကြောင်း၊ ထို့အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၌ အားနည်းစေပါကြောင်း၊ အနာဂတ်ကာလအစိုးရက လူ့စွမ်းအားအရင်းအမြစ် တိုးမြှင့်ဖော်ထုတ်နိုင်ရေးအတွက် အထက်ဖော်ပြပါ အားနည်းချက်များကို မည်သို့စီမံဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း** မေးမြန်းသည်။

စနစ်သစ်ပညာရေး

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ပြန်လည်ဖြေကြားရာ ဆေးတက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားခွင့်ပြုခြင်းနှင့်ပတ်သက်၍ ၁၉၆၄ ခုနှစ်မှစတင်ပြီး စနစ်သစ်ပညာရေးအရ အခြေခံပညာအထက်တန်းစာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူများကို ရမှတ်အလိုက် အခြေခံ၍ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ပြုခဲ့ပါကြောင်း၊ ထိုစဉ်က ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ် (၂)ရန်ကုန်နှင့် ဆေးတက္ကသိုလ်(မန္တလေး)ဟူ၍ ဆေးတက္ကသိုလ်(၃)ခုသာ ရှိခဲ့ပြီး စုစုပေါင်း ကျောင်းသားကျောင်းသူ (၅၅၀)ကိုသာ လက်ခံသင်ကြားပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာပြည်အောက်ပိုင်းမှ ကျောင်းသားကျောင်းသူများအား ထိုစဉ်က ဆေးတက္ကသိုလ်(၁)ရန်ကုန်နှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မြန်မာပြည်အထက်ပိုင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသားကျောင်းသူများအား ဆေးတက္ကသိုလ်(မန္တလေး) သို့လည်းကောင်း ပညာသင်ကြားခွင့်ပြုခဲ့ပါကြောင်း။

မူဆယ်မဲဆန္ဒနယ်မှ စိုင်းဘိုးအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

၂၀၀၁ ခုနှစ် မေလတွင် ဆေးတက္ကသိုလ်(မကွေး)ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ကျောင်းသားကျောင်းသူဦးရေအား တိုးမြှင့်လက်ခံခဲ့ရာ ယခုအခါ ကျောင်းသား ကျောင်းသူ (၂၄၀၀) လက်ခံသင်ကြားပေးလျက်ရှိပါကြောင်း၊ ထိုသို့ တိုးမြှင့်လက်ခံရာတွင် ဆေးတက္ကသိုလ်များသို့ အကြမ်းအားဖြင့် ကျောင်းသားကျောင်းသူဦးရေ (၆၀၀)ခန့်စီ ညီမျှစွာ ခွဲဝေချထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်မြင်သူများသည် ဆေးတက္ကသိုလ် (၁)ရန်ကုန်နှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ အောင်မြင်သူများသည် ဆေးတက္ကသိုလ်(မန္တလေး)သို့လည်းကောင်း တက်ရောက်ပညာသင်ကြားခွင့်ရရှိရန် ဆောင်ရွက်ခဲ့ပြီး ဆေးတက္ကသိုလ် (မကွေး)သို့ မကွေးတိုင်းဒေသကြီးမှ အောင်မြင်သူများ အပြင် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အောင်မြင်သူများကိုပါ တက်ရောက်ပညာသင်ကြားခွင့် ရရှိရန် ဆောင်ရွက်ခဲ့ရာ ယခုတိုင် အဆိုပါအစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ မူဆယ်မဲဆန္ဒနယ်မှ စိုင်းဘိုးအောင်က ပင် **အိမ်နီးချင်းနိုင်ငံများတွင် မြန်မာငွေကျပ်(၁၀၀၀၀) အောက်သာ ကျသင့်သည့် လက်ကိုင်ဖုန်းစနစ်များ မြန်မာနိုင်ငံတွင် အဘယ့်ကြောင့် ငွေကျပ်(၅)သိန်း ကျသင့်နေသည်ကို သိလိုပါကြောင်း** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်က ပြန်လည်ဖြေကြားရာတွင် တယ်လီဖုန်း ဆက်သွယ်မှုစနစ်များ တည်ဆောက်ရာတွင် လိုင်းအင်အားနည်းပါးပါက တစ်လိုင်းပေါ်တွင် ကျသင့်ငွေပမာဏကြီးမားပြီး လိုင်းအင်အားများပြားပါက တစ်လိုင်းပေါ် ကျသင့်ငွေပမာဏ လျော့ပါးသွားပါကြောင်း၊ လိုင်းများအဆင့်အတန်းမြင့်မားကောင်းမွန်ရေး၊ လိုင်းအင်အားများတိုးချဲ့ရန် တစ်လိုင်းပေါ်ကျသင့်သည့် ပမာဏလျှော့ချနိုင်ရေးအစီအစဉ်များ အဆင့်လိုက် စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုးချဲ့တပ်ဆင်

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝကို တိုက်ရိုက်အထောက်အကူဖြစ်စေသည့် တယ်လီဖုန်းတပ်ဆင်ခြင်းလုပ်ငန်းကို နိုင်ငံအနှံ့ တိုးချဲ့တပ်ဆင်လျက်ရှိပါကြောင်း၊ တယ်လီဖုန်းတပ်ဆင်ရာတွင် တပ်ဆင်လိုသောနေရာ၌ အိတ်ချိန်းအဆောက်အအုံ တည်ဆောက်ရခြင်း၊ အဝေးဆယ်သွယ်ရေးစနစ် တည်ဆောက်ရခြင်း၊ မြို့တွင်းကေဘယ်လ်ဆက်သွယ်ရေးစနစ်တည်ဆောက်ရခြင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး တည်ဆောက်ရခြင်း၊ လိုအပ်သော ဆက်သွယ်ရေး စက်ပစ္စည်းတပ်ဆင်ရခြင်း စသည့် ဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ရရုံမျှမကဘဲ ၎င်းဆက်သွယ်ရေးဌာနမှ နိုင်ငံအနှံ့နှင့် ကမ္ဘာအနှံ့ပြောဆိုဆက်သွယ်နိုင်ရန်၊ ၎င်း၏ဆက်သွယ်မှုကို လက်ခံခြင်း၊ ပြန်ကြားခြင်း ပြုနိုင်ရန် လမ်းကြောင်းများ၊ Trunk Gate Way များကိုပါ ချဲ့ထွင်ပေးရပါကြောင်း၊ ဆိုလိုသည်မှာ ဆက်သွယ်မှုစနစ်တစ်ခုကို တည်ဆောက်လျှင် ကျန်နေရာများကိုပါ လက်ခံပြန်ကြားနိုင်ရန် တည်ဆောက်မှုများ ဆောင်ရွက်ပေးရပါကြောင်း၊ **အော်တိုတယ်လီဖုန်းလိုင်းများ စတင်တပ်ဆင်ချိန်တွင် တစ်လိုင်းနှုန်းထား ငွေကျပ် (၁၀) သိန်းကျော်ရှိရာမှ မြို့နယ်များစွာ၌ တယ်လီဖုန်းလိုင်း တိုးချဲ့တပ်ဆင်လာနိုင်ခဲ့ခြင်းကြောင့် ယခုအခါ နယ်ဒေသများအတွက် အော်တိုဖုန်းတစ်လိုင်း တပ်ဆင်ခ ၆ ဒသမ ၅ သိန်းခန့်သာရှိတော့ပါကြောင်း၊ ၁၉၈၈ ခုနှစ်တွင် အော်တိုအိတ်ချိန်းတပ်ဆင်ပြီး မြို့နယ်ပေါင်း (၁၂)မြို့နယ်ရှိပြီး အော်တိုတယ်လီဖုန်း (၁၂၀၀၀) သာရှိရာမှ ယခုအချိန်တွင် တပ်ဆင်ပြီးမြို့နယ်ပေါင်း (၃၀၄)မြို့နယ်နှင့် တပ်ဆင်ပြီး အော်တိုအိတ်ချိန်းပေါင်း (၉၂၈) ခု၊ တပ်ဆင်ပြီးလိုင်းပေါင်း(၁၁၀၀၀၀၇)လိုင်းရှိပြီး ဖြစ်ပါကြောင်း၊ ယခုအခါ ခေတ်မီ Soft Switch များကို အခြေခံပြီး ဆက်လက်၍ Triple Play Services များ အပါအဝင်ကို တိုးချဲ့တပ်ဆင်လျက်ရှိပါကြောင်း။**

အဆိုပါ တယ်လီဖုန်းစနစ်ကဲ့သို့ပင် ရှေးဦးကာလ မိုဘိုင်းလ်တယ်လီဖုန်းစနစ်တပ်ဆင်ရာတွင်လည်း အခြေခံအဆောက်အအုံနှင့် စက်ပစ္စည်းများတန်ဖိုးကြောင့် စတင်တပ်ဆင်ချိန်၌ တစ်လိုင်း ငွေကျပ် (၁၅)သိန်းခန့်ဖြင့် တပ်ဆင်ခဲ့ရပါကြောင်း၊ မိုဘိုင်းလ်ဖုန်းစနစ်အား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးချဲ့တပ်ဆင်ခဲ့ရာ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ သုံးစွဲရန် လျော့နည်းလာသဖြင့် ယခုအခါ ဒေသသုံး မိုဘိုင်းလ်ဖုန်းတစ်လုံး ငွေကျပ် (၅)သိန်းနှုန်းဖြင့် တပ်ဆင်ပေးလျက်ရှိပါကြောင်း၊ ယခုအချိန်ထိ မိုဘိုင်းလ်ဖုန်းတပ်ဆင်ပြီးမြို့ပေါင်း (၂၂၁)မြို့ရှိပြီး တပ်ဆင်ပြီး လိုင်းအင်အား(၂)သန်းကျော် တပ်ဆင်ပြီးဖြစ်ပါကြောင်း။

ထို့ပြင် ယခင်က တယ်လီဖုန်းပြောဆိုခများအား Post Paid စနစ်ဖြင့် ဆောင်ရွက်ခဲ့ရာမှ ယခုအခါ ပြည်သူများသုံးစွဲမှုအဆင်ပြေစေရန် Top up Cards များနှင့် Prepaid စနစ်ဖြင့် ပြောင်းလဲဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ ထိုသို့ တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ပြီး တပ်ဆင်ခနှုန်းထားများလျော့နည်းအောင် ဆောင်ရွက်သကဲ့သို့ မိုဘိုင်းလ်ဖုန်းများအား Voice အသံသာမက Data စနစ်ပါ သုံးစွဲနိုင်စေရန် တိုးတက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Data စနစ်ကို သုံးစွဲရာတွင် ပိုမိုလုံခြုံပြီး နိုင်ငံအတွင်း ကျယ်ပြန့်စွာ အားထားသုံးစွဲနိုင်မည့် အင်ထရာနက် (Intranet) စနစ်မှ Internet စနစ်သို့ တက်လှမ်း သုံးစွဲနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) စိုင်းဆောင်ဆီ မေးမြန်းစဉ်။ (သတင်းစဉ်)

စမ်းချောင်း မဲဆန္ဒနယ်မှ ဦးစိုးဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

တိုးတက်လာ

Transmission တွင် မိုင်ပေါင်း (၇၀၀၀) ကျော် ခင်းပြီးဖြစ်သည့် ဖိုင်ဘာကေဘယ်လ်များ၊ အဆင့်မြင့် မိုက်ကရိုဝေ့ဖ်ဆက်ကြောင်းများ ဆောင်ရွက်ခြင်း၊ ပြည်ပဆက်သွယ်မှုစနစ်တိုးချဲ့ခြင်း၊ တယ်လီဖုန်းလိုင်းစနစ်များ တိုးချဲ့ခြင်း၊ ဆက်သွယ်ပြောဆိုမှု ကောင်းမွန်အောင် ဆောင်ရွက်ခြင်းများကို တိုးတက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း တယ်လီဖုန်းလိုင်းတစ်လိုင်းတန်ဖိုးမှာ တဖြည်းဖြည်းလျော့နည်းလျက်ရှိပြီး ဆက်လက်တိုးချဲ့တပ်ဆင်သည်နှင့်အမျှ ထပ်မံလျော့နည်းကာ ပြည်သူများ တယ်လီဖုန်းသုံးစွဲမှုတိုးတက်လာပြီး လူမှုစီးပွားဘဝအတွက် အကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပြီးဖြစ်သော ရတနာပုံတယ်လီပို့ကုမ္ပဏီနှင့် သတင်းအချက်အလက်နည်းပညာ ဗဟိုဝန်ဆောင်မှု ကုမ္ပဏီ (ITCS) တို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးများ မေးမြန်းသည့်အတိုင်း မိုဘိုင်းလ်တယ်လီဖုန်းစနစ်ကို ပိုမို၍ ပြည့်စုံကောင်းမွန်ရန်နှင့် တပ်ဆင်ခနှုန်းထားများ လျှော့ချနိုင်ရေးအတွက် ဤဝန်ကြီးဌာနအနေဖြင့် နှစ်တိုနှစ်ရှည် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့် အစီအမံများတွင်ပါရှိပြီး ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) စိုင်းဆောင်ဆီက **တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ လွယ်ကူစွာ လေ့လာဖတ်ရှုနိုင်ရန် ပြည့်စုံစွာ စုစည်း၍ စာအုပ်စာတမ်းများအဖြစ် ထုတ်ဝေရောင်းချပေးရန် ရှိ မရှိ** မေးမြန်းသည်။

ငွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းစဉ်။ (သတင်းစဉ်)

အလွယ်တကူဝယ်ယူနိုင်

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရှေ့နေချုပ် ဦးအေးမောင်က ပြန်လည်ဖြေကြားရာ နိုင်ငံတော်က ထုတ်ပြန်သော ဥပဒေများ၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များ၊ နည်းဥပဒေများကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာလျက်ရှိပါကြောင်း၊ နှစ်အလိုက် ထုတ်ပြန်ခဲ့သော ဥပဒေများ၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များနှင့် နည်းဥပဒေများကို စုစည်းပြီး ရှေ့နေချုပ်ရုံးက နှစ်စဉ်စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိပါကြောင်း၊ **ယခင်က ထုတ်ဝေဖြန့်ချိခဲ့ပြီး လက်ကျန်မရှိတော့သည့် ဥပဒေစာအုပ်များကိုလည်း ပြန်လည်စိစစ်ကာ ပုံနှိပ်ဖြန့်ချိရန် စီစဉ်လျက်ရှိပါကြောင်း၊ လက်ရှိရောင်းချနိုင်သည့်**

စာမျက်နှာ ၄ ကော်လံ ၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

စာအုပ်စာတမ်းများကို ရှေ့နေချုပ်ရုံး စာအုပ်ဆိုင်တွင် အလွယ်တကူဝယ်ယူနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းက မကြာသေးမီက ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ယခုအသက်ဝင်ခြင်း ရှိ မရှိ သိလိုပါကြောင်း၊ အဆိုပါဥပဒေအသက်ဝင်ပါက စစ်မှုထမ်းရန် မည်သို့မည်ပုံ ဆင့်ဆိုသွားမည်ကို သိလိုပါကြောင်းဖြင့် မေးမြန်းသည်။

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း (ခ) ဦးမင်းထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရှေ့နေချုပ် ဦးအေးမောင်က ပြန်လည်ဖြေကြားရာ ပြည်သူ့စစ်မှုထမ်းခြင်းနှင့်စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပသော တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက ''အင်္ဂလိပ်အုပ်ချုပ်နေစဉ်အခါတုန်းက မြန်မာပြည်ကို ကာကွယ်ရန်တာဝန်သည် အင်္ဂလိပ်၏ တာဝန်သာဖြစ်ကြောင်း၊ သို့သော် မိမိတို့ လွတ်လပ်ရေးရသည့်အခါတွင် မြန်မာပြည်ကို ကာကွယ်ရမည့်တာဝန်သည် မြန်မာများသာလျှင် အဓိကဖြစ်ကြောင်း၊ မိမိတို့သည် ယခင်ကကဲ့သို့ အေးအေးဆေးဆေးနေ၍ မဖြစ်နိုင်တော့ကြောင်း၊ မိမိတို့ နိုင်ငံတော်အစိုးရက တိုင်းပြည်ကာကွယ်ရန် စစ်သားများနည်းနေလျှင် မြန်မာတိုင်း အရွယ်ရောက်သည့် လူမှန်သမျှ၊ ကျန်းမာသည့်လူမှန်သမျှ စစ်မှုမထမ်းမနေရဆိုပြီး ဥပဒေနှင့်အညီ စစ်ထဲကိုထည့်ရလိမ့်မည်ဖြစ်ကြောင်း၊ ၂ နှစ် တန်သည်ဖြစ်စေ၊ ၃ နှစ်တန်သည်ဖြစ်စေ စစ်ထဲဝင်ရမည်ဖြစ်ကြောင်း၊ စစ်ဖြစ်သည့်အခါ၌လည်း ဝင်တိုက်ရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စများသည် လွတ်လပ်ရေးရသည့်အခါ ထမ်းဆောင်ရမည့် အဓိကတာဝန်များဖြစ်ကြောင်း'' မိန့်ကြားခဲ့ပါကြောင်း။

နိုင်ငံသားတိုင်းတာဝန်ရှိ

မိမိနိုင်ငံကို ကာကွယ်နိုင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည့် အလျောက် ၁၉၅၉ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ၁၉၅၉ ခုနှစ် အက်ဥပဒေ အမှတ်(၇)ဖြင့် ၁၉၅၉ ခုနှစ် ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေပုဒ်မ (၁) ပုဒ်မခွဲ (၂)တွင် ''ဤအက်ဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင် အာဏာတည်ရမည်''ဟု ပြဋ္ဌာန်းထားသည့်အလျောက် တော်လှန်ရေးကောင်စီ၏ ၂၉-၆-၆၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၈/၆၂)အရ ယင်းအက်ဥပဒေသည် ၁၉၆၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ အာဏာတည်ခဲ့ပါကြောင်း၊ ထိုဥပဒေကို ပြဋ္ဌာန်းပြီးနောက် ပြည်သူ့စစ်မှုထမ်းအဖြစ် ထမ်းဆောင်လိုကြောင်း လျှောက်ထားသူများအနက် ထိုစဉ်က လိုအပ်သည့် ဆရာဝန်အချို့ကိုသာ လက်ခံခဲ့ပါကြောင်း။

ထို့နောက် ၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၁တွင် ''နိုင်ငံသားတိုင်းသည် ဥပဒေအရ -

(က) စစ်ပညာသင်ကြားရမည်

(ခ) နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရမည်''ဟု ပြဋ္ဌာန်းခဲ့ပါကြောင်း။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ (ခ) ဦးစိုင်းထွန်းဝင်း အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၅တွင် ''ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏

ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်''ဟုလည်းကောင်း၊ ပုဒ်မ ၃၈၆တွင် ''နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်''ဟု လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း။

ပြုပြင်ပြဋ္ဌာန်း

ယခုပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၁၉၅၉ ခုနှစ် ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ခေတ်ကာလနှင့်လျော်ညီစွာ ပြုပြင်ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ)တွင် ''ဤဥပဒေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်''ဟု ပြဋ္ဌာန်းထားပါကြောင်း။

ထိုပြဋ္ဌာန်းချက်ပါ ''နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ''ဆိုသည့် စကားရပ်ကို ၂၀၁၁ ခုနှစ် စကားရပ်များအစားထိုး ဥပဒေအရ ''နိုင်ငံတော်သမ္မတ'' ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီးဖြစ်သည့်အလျောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်အတွက် လိုအပ်သည့် အချိန်မှသာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ယင်းအမိန့်ကြော်ငြာစာပါ သတ်မှတ်သည့်နေ့ရက်၌ ပြည်သူ့စစ်မှုထမ်းဥပဒေသည် စတင်အာဏာတည်မည်ဖြစ်ပါကြောင်း။

အဆိုပါဥပဒေအသက်ဝင်ပါက စစ်မှုထမ်းရန် မည်သို့မည်ပုံ ဆင့်ဆိုသွားမည်ကို သိလိုပါကြောင်းမေးခွန်းနှင့် စပ်လျဉ်း၍ ယင်းဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ဝမဲဆန္ဒနယ်မှ ဦးကြည်သာက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန အသစ်ဖွဲ့စည်းပြီးဆောင်ရွက်ရန်ရှိရာ မြန်မာ့စက်မှုဖွံ့ဖြိုးရေးအက်ဥပဒေ ပြုစုပြဋ္ဌာန်းရန် အစီအစဉ် ရှိ မရှိ မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ပြန်လည်ဖြေကြားရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တာဝန်ယူခဲ့သော အစိုးရအဖွဲ့အားလုံးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်စေရေးအတွက် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများအားနည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းခဲ့ကြပါကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်လည်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး

လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အတွက် အောက်ပါဥပဒေများအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း -

(၁) ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ

(၂) ဘွိုင်လာဥပဒေ

(၃) လျှပ်စစ်ဥပဒေ

(၄) အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ (အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ)

(၅) မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ

အထက်ဖော်ပြပါ ဥပဒေများသည် လက်ရှိလိုက်နာကျင့်သုံးလျက်ရှိသော ဥပဒေများဖြစ်ပြီး နိုင်ငံတော်အတွင်း စက်မှုလုပ်ငန်းများအားလုံး ဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ အကာအကွယ်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်မှာလည်း ပြည်သူအများပါဝင်နိုင်မှုသည် အဓိကကျပါကြောင်း၊ ထိုသို့ စက်မှုကဏ္ဍတွင် ပြည်သူများ ပါဝင်နိုင်စေရေးအတွက် လည်းကောင်း၊ ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရေးအတွက်လည်းကောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း အစီအမံများ ပြုလုပ်ရန်ရှိပါကြောင်း၊ ထို့ကြောင့် နောင်ပေါ်ပေါက်လာသော အစိုးရအဖွဲ့အသစ်အနေဖြင့် စက်မှုကဏ္ဍကို အားပေးသောအားဖြင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနအသစ်အား ဖွဲ့စည်းထား၍ လိုအပ်သောဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်နိုင်ဖွယ် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပြည်တွင်းထွက်စားသောက်ကုန်

ဆက်လက်၍ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ) ဦးမင်းထွန်းက မန္တလေးနှင့် ပြင်ဦးလွင်ကြားရှိ ၁၆ မိုင် ယာဉ်စစ်ဆေးရေးဂိတ်တွင် တရုတ်ပြည်နယ်စပ်သို့ တင်ပို့မည့် ကုန်စည်တင်ကားများကိုသာမက ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့သာ သွားရောက်မည့် ကုန်စည်တင်ကားများကိုလည်း ဆန်၊ ပဲ၊ ဂျုံ၊ ဆီ စသည့်ကုန်စည်များကို သယ်ဆောင်မသွားနိုင်စေရန် တားဆီးပိတ်ဆို့မှုများ ရှိခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် နေထိုင်သော ပြည်သူများက ထိုဂိတ်မှပင် မှောင်ခိုဖြတ်သန်းလာသော ပြည်တွင်းထွက်စားသောက်ကုန်များကို ဈေးကြီးစွာ ပေးဝယ်စားရခြင်းသာ ဖြစ်စေပါကြောင်း။

ထို့ပြင် မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ဧရာဝတီ စသည့် တိုင်းဒေသကြီးများမှ စိုက်ပျိုးထုတ်လုပ်သူများမှာ မိမိတို့ထုတ်လုပ်သည့် ပစ္စည်းများ တင်ပို့ရောင်းချရာ ဈေးကွက်တစ်ခုကို ပိတ်ဆို့ထားသကဲ့သို့ ဖြစ်သွား၍ ဈေးကောင်းမရနိုင်တော့ပါကြောင်း။

လားရှိုးနှင့် သီပေါကြားရှိ တိုးဂိတ်မှနေ၍ ကြက်ပေါက်များ၊ အသားစားကြက်နှင့် ဥကုန်ကြက်မများ ဖြတ်သန်းသွားလာခွင့်ကို ပိတ်ပင်တားဆီးထားခဲ့သည်မှာ ကြာပြီဖြစ်ပါကြောင်း၊ ထိုလုပ်ရပ်ကြောင့် လားရှိုးမြို့ရှိ စားသုံးသူများ ကြက်သားကို ဈေးကြီးပေးဝယ်စားရသဖြင့် လားရှိုးဒေသတွင် ကြက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာသည်မှန်သော်လည်း ကြက်ပေါက်နှင့် ကြက်သားလုံလောက်အောင် မဖြည့်ဆည်းပေးနိုင်သဖြင့် မူဆယ်၊ နမ့်ခမ်းနှင့် တရုတ်နယ်စပ်ရှိ မိမိတို့ မွေးမြူရေးသမားများ ရရှိထားသော ကြက်သားဈေးကွက်မှာ ဆုံးရှုံးသွားခဲ့ပြီ ဖြစ်ပါကြောင်း။

ဤသည်တို့မှာ နိုင်ငံတော်က ကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ်နှင့် ကောင်းစွာဆန့်ကျင်နေပါကြောင်း၊ ထိုသို့သော တားဆီးပိတ်ဆို့မှုများသည် ရေတိုအတွက် ပြည်တွင်းစားသုံးကုန်များ ဈေးမတက်စေရန် အသုံးဝင်သော်လည်း ရေရှည်တွင်မူ နိုင်ငံ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးကို ထိခိုက်စေပါကြောင်း၊ ထို့ကြောင့် နောင်တက်လာမည့် အစိုးရသစ်က ထိုသို့ ပိတ်ဆို့တားဆီးမှုများအပေါ် မည်သို့သဘောထားရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

ပိုမိုဦးစားပေး

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးတင်နိုင်သိန်းက ဖြေကြားရာ ဦးရဲထွန်း၏ မေးခွန်းပထမအချက်နှင့်စပ်လျဉ်း၍ ဖြေကြားရလျှင် ၁၆ မိုင် စစ်ဆေးရေးစခန်းသည် ကုန်စည်များကို တားဆီးပိတ်ဆို့ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းမဟုတ်ဘဲ လုံခြုံမှုအရ ပြည်သူများကို ထိခိုက်စေနိုင်သည့် လက်နက်ခဲယမ်း၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့် *စာမျက်နှာ ၅ ကော်လံ ၁*

စာမျက်နှာ ၄ မှ

မူးယစ်ဆေးဝါးများကိုသာ အဓိကစစ်ဆေးသည့်စခန်းဖြစ်ပါကြောင်း၊ နိုင်ငံတကာ၌လည်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ မကြာခဏဖြစ်ပွားနေမှုကြောင့် နိုင်ငံတိုင်းတွင် လုံခြုံမှုကို ပိုမိုဦးစားပေးပြီး စစ်ဆေးကြပ်မတ်နေရသည့် အချိန်အခါဖြစ်သကဲ့သို့ မိမိတို့နိုင်ငံ၌လည်း ဖောက်ခွဲဖျက်ဆီးရေးသတင်း၊ မူးယစ်ဆေးဝါးသတင်းများ မကြာခဏရရှိသည့်အတွက် ယခုလိုဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း၊ ယင်းသည်လည်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုအတွက် ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း။

ဦးရဲထွန်း၏ မေးခွန်းဒုတိယအချက်နှင့်ပတ်သက်၍ ဖြေကြားရလျှင် မူလကလုံခြုံရေးအတွက် ဦးစားပေးစစ်ဆေးခဲ့သည့် ၁၆ မိုင်ဂိတ်သည် နောက်ပိုင်းတွင် တရားမဝင်မှောင်ခိုကုန်ပစ္စည်းသယ်ဆောင်မှုများ များပြားလာခဲ့သည့်အတွက် ကန့်သတ်ကုန်စည်များ ပါ မပါ စစ်ဆေးရှာဖွေကြပ်မတ်မှု ပြုလုပ်ခဲ့ပါကြောင်း၊ ၁၆ မိုင်ဂိတ်တစ်ခုတည်းအနေနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်၌ အထွေထွေပစ္စည်းငွေကျပ် (၉၃ ဒသမ ၉)သန်း၊ မူးယစ်ဆေးဝါးငွေကျပ် (၆၉၈ ဒသမ ၄) သန်း၊ ကျောက်မျက် ငွေကျပ် (၂ ဒသမ ၄) သန်းနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၌ အထွေထွေပစ္စည်း ငွေကျပ် (၅၇ ဒသမ ၇၉) သန်း၊ မူးယစ်ဆေးဝါးငွေကျပ် (၇၀)သန်း၊ ကျောက်မျက် ငွေကျပ် (၁ ဒသမ ၈)သန်း ဖမ်းဆီးရမိခဲ့ပါကြောင်း၊ အလားတူ မန္တလေး၊ လားရှိုး၊ မူဆယ်လမ်းကြောင်း တစ်လျှောက်ရှိ ဂိတ်အသီးသီး၌ တရားမဝင်မှောင်ခိုပစ္စည်းဖမ်းဆီးရရှိမှုများအနေနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် အထွေထွေပစ္စည်းငွေကျပ် (၂၃၂၈ ဒသမ ၉၆)သန်း၊ မူးယစ်ဆေးဝါးငွေကျပ် (၉၄၀ ဒသမ ၄၃)သန်း၊ ကျောက်မျက် ငွေကျပ် (၄၅၂ ဒသမ ၁)သန်းနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် အထွေထွေပစ္စည်းငွေကျပ် (၄၄၈၂ ဒသမ ၄၉)သန်း၊ မူးယစ်ဆေးဝါးငွေကျပ် (၂၁၃ ဒသမ ၀၂) သန်း၊ ကျောက်မျက်ငွေကျပ် (၃၀၈၆ ဒသမ ၄၄)သန်း ရှိခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်များတွင် နေထိုင်ကြသော ပြည်သူများအတွက် ပြည်တွင်းထွက် စားသောက်ကုန်များကို လွတ်လပ်စွာ သယ်ဆောင်ခွင့်ပြုထားသော်လည်း ပြည်ပသို့ တရားမဝင် စီးထွက်နိုင်ဖွယ်ရှိသည့် ဆန်၊ ပဲ၊ ဂျုံ စသည့် သီးနှံများကိုမူအထက်ဌာနသို့ ကြိုတင်ခွင့်ပြုချက် ရယူထားသော ကုန်စည်များ ဟုတ် မဟုတ် စစ်ဆေးပြီးမှသာ ဖြတ်သန်းခွင့်ပြုကြောင်း။

ဝယ်ယူရောင်းချဖြန့်ဖြူးနိုင်

လက်ရှိအခြေအနေတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသခံပြည်သူများစားသုံးရန်အတွက် ဆန်ကုန်သည်များက တစ်လလျှင် ပျမ်းမျှဆန်အိတ် ၂၀၀၀၀ ကျော်ခန့်နှင့် ၂၀၁၀ ပြည့်နှစ် တစ်နှစ်လုံးအတွက် ဆန်အိတ်ပေါင်း ၂၈၀၉၆၀ကို ဆန်ပိုလျှံထွက်ရှိသော တိုင်းဒေသကြီးများမှ သယ်ဆောင် ရောင်းချဖြန့်ဖြူးလျက်ရှိကြောင်း သိရပါကြောင်း၊ ရှေးကတည်းက လောက်ကိုင်ဒေသနှင့် အချို့ဆန်လိုအပ်သော တောင်ပေါ်ဒေသများအတွက် အထက်ဌာနတင်ပြပြီး ဆန်သယ်ဆောင်ဖြန့်ဖြူးမှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ဤသို့တင်ပြစေခြင်းမှာလည်း ဒေသပြည်သူစားသုံးရန် အကြောင်းပြသယ်ဆောင်ပြီး တရားမဝင်ပြည်ပစီးထွက်မှုမရှိစေရန်အတွက် ဒေသစိုက်ပျိုးထွက်ရှိမှု၊ လူဦးရေနှင့် စားသုံးမှုပမာဏ၊ တင်ပြသယ်ဆောင်သည့်ပမာဏ ဆီလျော်မှု ရှိ မရှိ သိနိုင်ရန်သာဖြစ်ပါကြောင်း၊ တင်ပြပမာဏအပေါ် ပြည်သူများ ရောင်းဝယ်ဖောက်ကား စားသုံးရန် လိုအပ်သလောက်ကန့်သတ်ပိတ်ပင်တားဆီးမှု တစ်စုံတစ်ရာ ပြုလုပ်ခြင်းမရှိဘဲ ဆန်ကုန်သည်များက ဝယ်ယူရောင်းချဖြန့်ဖြူးနိုင်ကြသည်ဟု သိရှိပါကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မြို့နယ်များအတွက် အခက်အခဲရှိပါက တင်ပြဆောင်ရွက်သွားနိုင်ပါကြောင်း ဖြေကြားအပ်ပါကြောင်း။

ထို့ပြင် ဦးရဲထွန်း၏ မေးခွန်းတတိယအချက်နှင့်ပတ်သက်၍ မိမိတို့ဌာနအနေဖြင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေးနှင့် ကုန်သွယ်မှုမြင့်တင်နိုင်ရေးအတွက် အခက်အခဲ အတားအဆီးဖြစ်ပေါ်လာတိုင်း သက်ဆိုင်ရာကုန်သည်အသင်းအဖွဲ့၊ ကုမ္ပဏီများနှင့်မေးမြန်းညှိနှိုင်းပြီး သက်ဆိုင်ရာ ဒေသအာဏာပိုင်ထံ ဆက်စပ်တင်ပြညှိနှိုင်းလျက် ပြည်ပဈေးကွက်ရရှိရေး ပိတ်ဆို့မှုအဟန့်အတားမရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ထိုသို့ ဆောင်ရွက်ပေးမှုများကြောင့် မူဆယ်နယ်စပ်ကုန်သွယ်ရေး ပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုလျင်မြန် ချောမွေ့ခြင်းသည် ကုန်သွယ်မှုမြင့်တင်ရေးအတွက် အဓိကလိုအပ်ချက် ဖြစ်သည်နှင့်အညီ ယခုလို ၁၆ မိုင်ဂိတ်ကဲ့သို့ စစ်ဆေးရေးဂိတ်များ၌ အချိန်ကြာမြင့်စွာ စစ်ဆေးရှာဖွေခံရခြင်းသည် မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာခြင်းဖြစ်စေခြင်းကြောင့် မန္တလေးနှင့်မူဆယ်တို့၌ Container Truck / Box Truck ယာဉ်များအသုံးပြုပြီး စလွှတ်သည့်နေရာများ၌ အကောက်ခွန်ဌာနက စစ်ဆေး၍ ချိပ်ပိတ်စေလွှတ်သည့်စနစ်ကို စတင် ပြောင်းလဲကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ ဤစနစ်သည် လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါး ကွယ်ဝှက်သယ်ဆောင်မှု၊ တရားမဝင်ကုန်စည်ရောနှောသယ်ဆောင်မှုများ အထိုက်အလျောက်ကာကွယ်တားဆီးနိုင်ပြီး ဂိတ်အသီးသီး၌ အချိန်ကြာမြင့်စွာ စစ်ဆေးရခြင်းမရှိဘဲ ချိပ်ပိတ်မှုကိုသာစစ်ဆေးပြီး ဦးစားပေးစေလွှတ်ပေးခြင်းကြောင့် ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စွာနှင့် ပြည်ပဈေးကွက်ကို ရောက်ရှိစေနိုင်မည်ဖြစ်ပါကြောင်း။

ဦးရဲထွန်း၏ မေးခွန်းစတုတ္ထအချက်နှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်မေးမြန်းချက်အရ ယခုအခါ ပြည်နယ်အတွင်းသို့ ပြည်တွင်း(သို့မဟုတ်)ပြည်ပမှ ကြက်သားပေါက်များအား မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ခွင့်ပြုချက်ပုံစံပါရှိလျှင် တင်သွင်းခွင့်ပြုလျက်ရှိပါကြောင်း၊ ယခင်က ယာယီတားဆီးပိတ်ပင်ခဲ့ခြင်းမှာ လုပ်ငန်းလိုအပ်ချက်အရ ဒေသအာဏာပိုင်၏အစီအစဉ်ဖြင့် ပိတ်ပင်ခဲ့ခြင်းသာဖြစ်ကြောင်းသိရှိရသဖြင့် ဒေသအာဏာပိုင်သို့ တင်ပြဆောင်ရွက်လျှင် အဆင်ပြေချောမွေ့နိုင်ပါကြောင်း သက်ဆိုင်ရာဌာနနှင့် ဒေသအာဏာပိုင်ကိုယ်စား ဖြေကြားအပ်ပါကြောင်း။

ပိုင်းဝန်းကာကွယ်

ဦးရဲထွန်း၏ နောက်ဆုံးမေးမြန်းချက်နှင့်စပ်လျဉ်း၍ **လက်ရှိအစိုးရရော နောင်တက်လာမည့် အစိုးရကပါ ပြည်တွင်း၌ ကုန်စည်စီးဆင်းမှုလျင်မြန်ရေး၊ ကုန်ဈေးနှုန်းမကြီးမြင့်စေရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရေး ကြိုးပမ်းကြမည်သာဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အခွန်အခမပေးဆောင်ရဘဲ တရားမဝင် ကုန်စည်ကူးသန်းရောင်းဝယ်သူများကြောင့် အခွန်အခပေးဆောင်ပြီး တရားဝင်ကုန်စည်ကူးသန်းရောင်းဝယ်သူများ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်း ထိခိုက်ခြင်းမရှိစေရေး ရည်ရွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တရားမဝင် ကုန်စည်ကူးသန်းရောင်းဝယ်မှု တားဆီးကာကွယ်ရေးတို့ကိုလည်း မမှန်မကန်ပြုလုပ်ခြင်းများရှိနေသည့်အတွက် ထိန်းချုပ် ဆောင်ရွက်နေကြရပါကြောင်း၊ ထိုသို့ဆောင်ရွက်နေရမှုကြောင့် ဖြစ်ပေါ်လာသော အတားအဆီး အခက်အခဲများကို လျော့နည်းပပျောက်အောင် လက်နက်ခဲယမ်း၊ ဖောက်ခွဲရေးပစ္စည်း၊ မူးယစ်ဆေးဝါးနှင့်တရားမဝင်မှောင်ခိုကူးသန်း ရောင်းဝယ်မှုများကို ပြည်သူအားလုံး ဝိုင်းဝန်းကာကွယ်တားဆီးကြိုးပမ်းသွားရန် လိုအပ်မှာဖြစ်ပါကြောင်း၊ နောင်ဖြစ်ပေါ်လာမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများကလည်း လုံခြုံမှုနှင့် ကုန်စည်စီးဆင်းမှု ဟန်ချက်ညီအောင်၊ ပြည်သူလူထုအဆင်ပြေချောမွေ့အောင် ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ဆွေးနွေးစဉ်။
(သတင်းစဉ်)

ယင်းနောက် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးပြန်လည်စတင်ရာ အစီအစဉ်အရ အဆိုများကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့် မသင့်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်သည်။

ရှေ့ဦးစွာ တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ (ခ) ဦးစိုင်းထွန်းဝင်း၏ **"စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေပေါ်ပေါက်လာရန် လိုအပ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာအသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေးအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တစ်ခု ထူထောင်ပေးပါရန်"** အဆိုကို သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း (ခ) ဦးမင်းထွန်းက ဆွေးနွေးရာတွင် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။
(သတင်းစဉ်)

တာဝန်များအခန်း ပုဒ်မ ၃၅၄တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသော ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်" ဟူ၍ ဆိုထားချက်အရ အပိုဒ် (ဂ)၌ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ကို ခွင့်ပြုထားကြောင်း။

တရားမဝင်

လက်တွေ့တွင် ကုန်သည်ကြီးများအသင်း၊ မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ နာရေးကူညီမှုအသင်း၊ တိုင်းရင်းသား စာပေယဉ်ကျေးမှုအသင်းစသည်ဖြင့် ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နေကြသည်များရှိသော်လည်း တရားဝင် မှတ်ပုံတင်ရေးတွင် ရှင်းလင်းလွယ်ကူမှုမရှိသောကြောင့် အချို့သော အဖွဲ့အစည်းများမှာ မှတ်ပုံတင်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေကြသည့်အတွက် တရားမဝင် အသင်းအဖွဲ့များအသွင် ဖြစ်နေကြောင်း။

အဆိုပါ အသင်းအဖွဲ့များ၊ တောင်သူလယ်သမား၊ အလုပ်သမားသမဂ္ဂများသည် ဒီမိုကရေစီလူ့ဘောင်သစ်တစ်ရပ်တွင် မရှိမဖြစ်လိုအပ်သည့် အဖွဲ့အစည်းများဖြစ်ကြပြီး ယင်းအဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ကြရင်း ပြည်သူများသည် ဒီမိုကရေစီကျင့်စဉ်များ၊ အများနှင့်စုပေါင်းလုပ်ဆောင်တတ်မှုများ၊ စည်းကမ်းဥပဒေကို ရိုသေလိုက်နာမှုများနှင့် ဒီမိုကရေစီရပိုင်ခွင့်များကို ကျင့်သုံးလာတတ်မှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် တန့်ယန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ (ခ)ဦးစိုင်းထွန်းဝင်း တင်ပြသည့်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် **အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဥပဒေအမှတ် (၆/၈၈) ဖြင့် ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ ဥပဒေတွင် အခန်း (၅)ခန်းပါရှိပြီး ဥပဒေအခန်း (၂)၊ ပုဒ်မ (၄)တွင် ဖွဲ့စည်းခွင့် လျှောက်ထားရန် မလိုသော အသင်းအဖွဲ့များကို ပြဋ္ဌာန်းထားပါကြောင်း။**

သတ်မှတ်ထား

အခန်း (၂)တွင် ဖွဲ့စည်းခွင့်ရရှိရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းလိုသော အသင်းအဖွဲ့တစ်ခုသည် ဖွဲ့စည်းခွင့်ရရှိရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ သတ်မှတ်ထားသော နည်းလမ်းအတိုင်း လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် ဖွဲ့စည်းပြီးသော အသင်းအဖွဲ့များသည် ဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှ ရက်ပေါင်း (၃၀)အတွင်း လျှောက်ထားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါကြောင်း၊ လျှောက်ထားမှုနှင့်ပတ်သက်ပြီး သတ်မှတ်ထားသော ပုံစံ (က)ဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လျှောက်ထားရန် သတ်မှတ်ထားပါကြောင်း။

၎င်းလျှောက်ထားချက်ကိုရရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးသည် တင်ပြချက်များ မှန်ကန်ခြင်း ရှိမရှိကို ပုံစံ (၁)ဖြင့် စိစစ်ပြီး သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသဘောထားရယူ၍ ခရိုင် အုပ်ချုပ်ရေးမှူးထံ တင်ပြရပါကြောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးသည် လိုအပ်သော ထပ်မံစိစစ်မှုများပြုလုပ်၍ သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောထားမှတ်ချက်ကိုရယူပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အုပ်ချုပ်ရေးမှူးထံ တင်ပြရပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောထားမှတ်ချက်ရယူပြီး ထောက်ခံချက်ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြရပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)သည် သက်ဆိုင်ရာ အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများ၏ ထောက်ခံ၊ မထောက်ခံ သဘောထားမှတ်ချက် တောင်းခံပြီး အသင်းအဖွဲ့များဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ တင်ပြရပါကြောင်း။

ယင်းဗဟိုအဖွဲ့မှ ဖွဲ့စည်းခွင့်ပြုကြောင်း အစည်းအဝေး ဆုံးဖြတ်ချက်ရယူပြီးမှသာ အစိုးရအဖွဲ့သို့တင်ပြပြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ အသင်းများအသစ်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း လက်မှတ်များထုတ်ပေးပါကြောင်း။

ဖွဲ့စည်းခွင့်လက်မှတ်ထုတ်ပေးရာတွင် ယခင်ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၁/၈၈)၊ အပိုဒ် (ဃ)တွင် (၂)နှစ်ကာလ သက်တမ်းသတ်မှတ်ပြီး ဖွဲ့စည်းခွင့်လက်မှတ်အတွက် ငွေကျပ် (၁၀၀) ပေးသွင်းစေပြီးမှ ထုတ်ပေးခဲ့ပါကြောင်း။

အသစ်လဲလှယ်

သို့ရာတွင် အခြေအနေ၊ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၅-၇-၂၀၁၀) ရက်စွဲဖြင့်ထုတ်ပြန်သော အမိန့်အမှတ် (၁/၂၀၁၀) အရ အသင်းအဖွဲ့များဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီး ၎င်းအမိန့် အပိုဒ် (၂)၊ အပိုဒ်ခွဲ (ဃ)တွင် ဖွဲ့စည်းခွင့်လက်မှတ်ကို (၂)နှစ် ကာလ သက်တမ်း သတ်မှတ်ထုတ်ပေးရန်နှင့် အပိုဒ်ခွဲ (င)တွင် ဖွဲ့စည်းခွင့်လက်မှတ်အတွက် ငွေကျပ် (၁၀၀၀၀၀)ပေးသွင်းစေပြီး ဖွဲ့စည်းခွင့်လက်မှတ်အသစ် လဲလှယ်ခြင်းအတွက်လည်း ငွေကျပ် (၁၀၀၀၀၀)ပေးသွင်းစေရမည်ဖြစ်ကြောင်း တရားဝင် သတ်မှတ်ထားပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လူမှုရေးအသင်းများကိုသာ ဖွဲ့စည်းခွင့်ပေးပြီး ယခုအချိန်ထိ လူမှုရေးအသင်းအဖွဲ့ပေါင်း ၂၁၈ဖွဲ့ ဖွဲ့စည်းခွင့်ပြုပြီး ဖြစ်ပါကြောင်း၊ လက်ငင်းပစ္စုပ္ပန်အချိန်ကာလတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပုံစံသစ်အသင်းအဖွဲ့များ ပြောင်းလဲဖြစ်ပေါ်လာနေသည့်အတွက် စီးပွားရေးအသင်း အဖွဲ့များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များကို သာသနာရေးဝန်ကြီးဌာန၊ ဂီတနှင့် ရုပ်ရှင်၊ စာပေစာနယ်ဇင်းဆိုင်ရာ အသင်းအဖွဲ့များကို ပြန်ကြားရေးဝန်ကြီးဌာန၊ အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အသင်းအဖွဲ့များကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဆိုင်ရာ အသင်းအဖွဲ့များကို ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဆိုင်ရာအသင်းအဖွဲ့များကို ကျန်းမာရေးဝန်ကြီးဌာန၊ ဖောင်ဒေးရှင်းများ၊ INGO များကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့မှ အသီးသီးတာဝန်ခံပြီး ဖွဲ့စည်းတည်ထောင်ခွင့်များ ပေးအပ်လျက်ရှိပါကြောင်း။

ခွင့်ပြုလျက်ရှိ

သို့ဖြစ်ပါ၍ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ တည်ဆဲဥပဒေတွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များကို လိုက်နာ၍ ဗဟိုအဖွဲ့ကိုဖွဲ့စည်းပြီး ပြဋ္ဌာန်းချက်များနှင့်အညီ လူမျိုး၊ ဘာသာ၊ ဒေသ၊ အယူဝါဒစွဲမပါသော အသင်းအဖွဲ့များကို ခွင့်ပြုလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ) ဦးစိုင်းထွန်းဝင်း၏ အဆိုအပေါ် ဆွေးနွေးသူ (၁)ဦးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်ဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့က ရှင်းလင်းဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ၎င်းဆွေးနွေးချက်များအပေါ် ဦးထွန်းဆာ (ခ) ဦးစိုင်းထွန်းဝင်း၏ သဘောထားကို သိလိုပါကြောင်း မေးမြန်းရာ ဦးထွန်းဆာ(ခ) ဦးစိုင်းထွန်းဝင်းက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ အသေးစိတ်ရှင်းလင်းဆွေးနွေးချက်များအပေါ် လက်ခံပါကြောင်း တင်ပြသည်။

တင်ပြသည့်အဆိုနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင် ၎င်းပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုပေးလျက်ရှိသည့်အတွက် ၎င်းအဆိုကို ဆက်လက်တင်ပြရန် မလိုတော့ပါကြောင်း လွှတ်တော်၏ အတည်ပြုချက်ကို ရယူသည်။

လွှတ်တော်က အတည်ပြုသည့်အတွက် တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း၏ **"စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေပေါ်ပေါက်လာရန် လိုအပ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေးအသင်းအဖွဲ့များ၊**

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

ဖောင်ဒေးရှင်းများထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တစ်ခု ထူထောင်ပေးပါရန်" အဆိုကို ဆက်လက်တင်ပြရန်မလိုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏ **"အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေး"** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးကြသည်။

ပထမဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ) ဦးမင်းထွန်းက ဆွေးနွေးရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၌ တိုင်းရင်းသားများအရေးကို အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ ပုဒ်မ (၂၂)တွင် ပြဋ္ဌာန်းထားသည်မှာ-

(က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

(ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည် ဟူ၍ ဖြစ်ပါကြောင်း။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် (ခ) ဦးခင်မောင်ရည် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ခွဲဝေအပ်နှင်းထား

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိုင်ငံတော်အခြေခံမူများ ပုဒ်မ (၂၂)တွင် ဖော်ပြထားချက်ကို လက်တွေ့ဆောင်ရွက်နိုင်ရန်အတွက်လည်း အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို တိုင်းဒေသကြီးများကို သာမက ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကိုပါ ခွဲဝေအပ်နှင်းထားသည်ကို အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ (၁၁) (ခ)မှာ တွေ့ရပါကြောင်း။

အထက်ဖော်ပြပါ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ရန်ဆောင်ရွက်သည့် ဖော်ပြချက်အနေဖြင့် ယခုကျင်းပဆဲ ပြည်နယ်အသီးသီး၏ လွှတ်တော်များနှင့် ပြည်ထောင်စု၏ လွှတ်တော်များတွင်ပါ တိုင်းရင်းသားများအား အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲခွင့် တာဝန်များကို အထိုက်အလျောက် ပေးအပ်ထားသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရပါကြောင်း၊ ဦးငွန်မောင်း၏ အဆိုသည် တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်ချစ်ကြည်မှုရရှိရေးကို အထောက်အကူပြုမည်ဖြစ်၍ ထောက်ခံပါကြောင်း တင်ပြသည်။

ဆက်လက်၍ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က ဆွေးနွေးရာ **အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေး အဆိုနှင့်စပ်လျဉ်း၍ မိမိအမြင်အရ ခွဲတမ်းထက် အရည်အချင်း စွမ်းဆောင်ရည်အားဖြင့်စဉ်းစားသင့်သည်ဟုယူဆပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ လူ့အဖွဲ့အစည်း၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများ၌ အတော်ဆုံးသော နိုင်ငံသားများကိုသာ ရရှိခန့်ထားနိုင်ရန် အရေးကြီးနေပါကြောင်း။**

အရည်အချင်းစွမ်းရည်

စီးပွားရေးနှင့် လူမှုရေးသဘောအရ တိုင်းပြည်၏ လူ့စွမ်းအား အရင်းအမြစ်များကို အကောင်းဆုံး ခွဲဝေအသုံးချမှု ဖြစ်စေသည်မှာ ခွဲတမ်းမဟုတ်ဘဲ ပြိုင်ဆိုင်မှုသာ ဖြစ်ပါကြောင်း၊ တိုင်းပြည်သယံဇာတများကို စွမ်းဆောင်ရည်အမြင့်ဆုံး အသုံးချနိုင်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများလက်သို့ ပြိုင်ဆိုင်မှုအားဖြင့်ရောက်ရှိစေခြင်းသည် ကုန်ထုတ်လုပ်မှုတိုးပြီး နိုင်ငံလူ့အဖွဲ့အစည်းဝင် လူတိုင်းသို့ ထိရောက်စွာ အကျိုးခွဲဝေ ခံစားရမှု(ဝါ) လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားမှုကို ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရေးအဆိုကို နိုင်ငံရေးအားဖြင့် ခွဲတမ်းစနစ်သုံးစွဲမှုထက် အရည်အချင်းစွမ်းရည်အားဖြင့် ပြိုင်ဆိုင်မှုစနစ်သာ သုံးစွဲသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်က ဆွေးနွေးရာ **ဦးငွန်မောင်း၏ အဆိုအပေါ် ပကတိအခြေအနေများပေါ်၌ သုံးသပ်ချက်နှင့် ဝေါဟာရ အသုံးအနှုန်းနှင့်ပတ်သက်သည့်အချက်ဟူ၍ နှစ်ပိုင်းဆွေးနွေးလိုပါကြောင်း၊ ပကတိလက်တွေ့အခြေအနေများကိုကြည့်လျှင် နိုင်ငံတော်၏ ပြည်ထောင်စုအဆင့်တွင် ဒုတိယသမ္မတအပါအဝင် အရေးပါသည့်ကော်မတီအသီးသီး၌ တိုင်းရင်းသားများအားလုံးပါဝင်နေကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဆင့်များတွင်လည်း ဝန်ကြီးများနှင့် အရေးပါသည့်နေရာများ၌ ဒေသခံတိုင်းရင်းသားများကို နေရာပေးထားသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ပါဝင်နိုင်ရန် မည်သည့်ပါတီ၊ မည်သည့်ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကမျှ တိုက်တွန်းပြောဆို၊ တောင်းဆို၍ ပါဝင်နေခြင်းမျိုးမဟုတ်ဘဲ ပကတိ အရှိတရားအတိုင်း ရွေးချယ် တာဝန်ပေးထားခြင်းဖြစ်၍ အင်မတန်ကျေနပ်ဂုဏ်ယူစရာ ကောင်းနေပါကြောင်း။**

ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပိုမိုသင့်လျော်

ဒုတိယအချက်အနေဖြင့် ဝေါဟာရအသုံးအနှုန်းနှင့်ပတ်သက်၍ တိုင်းရင်းသားဆိုသော ဝေါဟာရသည် တိုင်းရင်းသား လူမျိုးအားလုံးကို စုပေါင်းခေါ်ဝေါ်ခြင်းဖြစ်သည်ဟု မိမိနားလည်ပါကြောင်း၊ ယခုကဲ့သို့ ဂုဏ်ဒြပ်ကြီးမားသည့် ပြည်သူ့လွှတ်တော်သို့ အဆိုများ၊ မေးခွန်းများ တင်သွင်းဆွေးနွေးကြရာတွင် ပြည်ထောင်စုစိတ်ဓာတ်ကိုသာ အရင်းခံ၍ ပြောဆိုဆွေးနွေးပါက ပိုမိုသင့်လျော်မည်ဟုလည်း မိမိအနေဖြင့် ယူဆမိပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများကို စုံညီစွာထည့်သွင်းထားပြီး ဖြစ်သည့်အတွက် အထူးတလည်ဆွေးနွေးရန် မလိုအပ်တော့ပါသဖြင့် ဦးငွန်မောင်း၏ အဆိုကို ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ချင်းပြည်နယ် ဟားခါးမြို့နယ်မှ ဦးငွန်မောင်း၏ အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ ပြဋ္ဌာန်းထားပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်ကို ရှင်းလင်းတင်ပြသွားမည် ဖြစ်ပါကြောင်း၊ ပထမဦးစွာဖြေကြားလိုသည်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တစ်ခဲနက် ထောက်ခံအတည်ပြုထားပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ စဉ်းစားဆောင်ရွက်သင့်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့်တာဝန်များပုဒ်မ ၃၄၈တွင် နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟူ၍လည်းကောင်း။

အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့် ရရှိရေးနှင့်ပတ်သက်၍ ပုဒ်မ (၃၄၉) တွင် နိုင်ငံသားများသည်-

(က) ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊

(ခ) အလုပ်လုပ်ကိုင်မှု၊

(ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊

(ဃ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊

(င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊

(စ) ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသောအခွင့်အလမ်း ရရှိစေရမည်ဟူ၍ လည်းကောင်း။

ပုဒ်မ ၃၅၂တွင် နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှု မပြုရဆိုရာတွင် အမျိုးသားများနှင့်သာ သင့်မြတ်သောရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရဟူ၍လည်းကောင်း။

ပုဒ်မ (၃၆၈)တွင် နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ ယင်းတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်ဟူ၍လည်းကောင်း။

အခန်း (၅)၊ ပုဒ်မ (၂၉၀)တွင် နိုင်ငံ့ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ အမှုထမ်းစည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဟူ၍လည်းကောင်း ဖော်ပြပါရှိပြီးဖြစ်ပါကြောင်း။

သက်သေခံလျက်ရှိ

ချင်းပြည်နယ်၊ ဟားခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းအဆိုပြုတင်ပြခဲ့သည့် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေး အဆိုပြုချက်နှင့်ပတ်သက်၍ တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေး ရရှိပြီးဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက သက်သေခံလျက်ရှိပါကြောင်း။

အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဌာနဆိုသည်မှာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်၊ မူဝါဒအတိုင်း အစိုးရဝန်ထမ်းများက ဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများကို ခန့်အပ်ရွေးချယ်သည့်အခါ ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း တန်းတူအခွင့်အရေးပေးထားပြီး ပုဒ်မ (၂၄၆)တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းပြီး နိုင်ငံ့ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ရေးနှင့် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းသတ်မှတ်ရေး တာဝန်များဆောင်ရွက်နေကြောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က စိစစ်ရွေးချယ်ခန့်အပ်ပြီး ဝန်ထမ်းများကို ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လိုအပ်သည့် သင်တန်းအဆင့်ဆင့်ကိုတက်ရောက်စေပြီး အာဆီယံအဆင့်၊ နိုင်ငံတကာအဆင့်မီ သင်ကြားလေ့ကျင့်ပြီးမှ ခန့်အပ်တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ မည်သည့်အဆင့်ဝန်ထမ်းများကိုမဆို ခန့်အပ်ရန်လိုအပ်လျှင် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ထံ တင်ပြအတည်ပြု၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ထောက်ခံတင်ပြပြီးမှ ခန့်အပ်ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများကို အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ပြီး ခန့်အပ်၍ မရကြောင်း။

ပညာသင်ကြား

နိုင်ငံတော်မှ တိုင်းရင်းသားများကို အတန်းပညာတတ်၊ ရိုးရိုးဘွဲ့ရ၊ ဘွဲ့လွန်အဆင့်အထိ ပညာသင်ကြားပေးနေကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားများ အခမဲ့ပညာသင်ကြားနိုင်ရန်အတွက် တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်များ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လက်အောက်ခံ ဒီဂရီကောလိပ်များဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိဘဝတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေပါကြောင်း။

ယင်းသင်တန်းကျောင်းများမှ ဆင်းလာသည့် ကျောင်းသားများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ခွဲဝေပေး ခန့်အပ်ပြီး နိုင်ငံတော်၏တာဝန်များကို ပေးအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့သည့် အဆိုနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်အနေနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်ဟု ဖြေကြားလိုပါကြောင်း။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အာဏာ(၃)ရပ်နှင့် သက်ဆိုင်သည့် ရာထူးခန့်အပ်ရန် လျာထားချက်များကို လေ့လာကြည့်မည်ဆိုပါက ဤအဆိုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးသားဖြစ်နေသည်ကို တွေ့ရှိရမှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအဆင့်က ဆောင်ရွက်ပေးပြီးသား၊ သတ်မှတ်ပေးပြီးသားကိစ္စရပ်သာဖြစ်နေပါသဖြင့် ကိုယ်စားလှယ်တော်ကြီး တင်သွင်းသည့်အဆိုသည် ဆက်လက်တင်သွင်းရန် မလိုတော့ဟု ယူဆပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

တင်ပြ

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏ အဆိုအပေါ် ဆွေးနွေးသူ (၃) ဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးပြီးဖြစ်သည့်အတွက် အားလုံးသိမြင်နားလည်သဘောပေါက်ကြပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ၎င်းအဆိုနှင့်စပ်လျဉ်း၍ ထပ်မံတင်သွင်းရန်မလိုတော့ဟု ယူဆပါကြောင်း၊ ၎င်းအချက်အပေါ် ဦးငွန်မောင်း၏ သဘောထားကို သိလိုပါကြောင်း မေးမြန်းရာ ဦးငွန်မောင်းက ဤအဆိုကို မိမိအနေဖြင့် ၉-၂-၂၀၁၁ ရက်နေ့က တင်သွင်းခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်က နောင်ဖြစ်လာမည့် အခြေအနေများကို မသိနိုင်၍ အဆိုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုစဉ်က ယခုကဲ့သို့ တိုင်းရင်းသားများအား တာဝန်ပေးခန့်အပ်မှုများ မရှိသေးပါကြောင်း၊ ယခုအခါ လွှတ်တော်အသီးသီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တာဝန်ပေးခန့်အပ်မှုများတွင် တိုင်းရင်းသားများကို နေရာများစွာပေး၍ ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည့်အတွက် ဤအဆိုကို ဆက်လက်တင်သွင်းရန် မလိုတော့ပါကြောင်း တင်ပြသည်။

ယင်းသို့ ကာယကံရှင်က မိမိ၏ အဆိုကို ဆက်လက်တင်သွင်းရန် မလိုတော့ပါကြောင်း တင်ပြခြင်းအပေါ် လွှတ်တော်က သဘောတူသည့်အတွက် ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏ **"အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေး"** အဆိုကို ဆက်လက်တင်သွင်းရန်မလိုကြောင်း ကြေညာသည်။

ဆက်လက်၍ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းက **"ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရေး"** အဆိုကို တင်သွင်းသည်။

ထို့နောက် ၎င်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးကြသည်။

ရှေးဦးစွာ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ) ဦးခင်မောင်ရည်က ဆွေးနွေးရာ ချင်းပြည်နယ်သည် မြို့နယ် (၉)မြို့နယ်၊ မြို့နယ်ခွဲ (၃)မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားပါကြောင်း၊ မြောက်ပိုင်းချင်းပြည်နယ် မြို့တော် ဟားခါးမြို့သည် တောင်ပိုင်းမှ အနီးဆုံး မတူပီမြို့နှင့် လမ်းမပေါက်ပါကြောင်း၊ တစ်ဖန် တောင်ပိုင်းချင်းပြည်နယ်အတွင်းရှိ ပလက်ဝမြို့သည် အနီးဆုံးဖြစ်သော မတူပီမြို့နှင့် ၁၃၅ မိုင်ခန့် ကွာဝေးသော်လည်း လမ်းမပေါက်ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ တီးတိန်ကိုဖြတ်၍ အိန္ဒိယနယ်စပ်ဒေသ ရိဒ်မြို့နယ်ခွဲအထိ ဖောက်လုပ်ထားသော လမ်းမှာ ရာသီမရွေးသွားလာနိုင်မည့် နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးအဖြစ် ဖော်ဆောင်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ဖလမ်းမြို့နှင့် အိန္ဒိယနယ်စပ် ရိဒ်မြို့နယ်ခွဲဆက်သွယ်သော ၆၄မိုင်ရှည် လမ်းမှာ မိုးတွင်းအသုံးပြုရန်အလွန်ခက်ခဲနေပြီး ရာသီမရွေးအသုံးပြုနိုင်ပါက ဖလမ်းမြို့သည်လည်း အလွန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ်တွင် ဒေသဖွံ့ဖြိုးမှုအတွက်အရေးပါသော နယ်စပ်ကုန်သွယ်မှုများ ဖော်ဆောင်နိုင်စေရန် ရာသီမရွေးသွားလာနိုင်သော အဆင့်မြင့်လမ်းများ ဖောက်လုပ်ခြင်း၊ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းက ဆွေးနွေးရာ နိုင်ငံလွတ်လပ်ရေးရပြီးချိန်က ယနေ့ ချင်းပြည်နယ်သည် ချင်းဝိသေသတိုင်းဖြစ်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင် ပြည်ထောင်စုအစိုးရက အမြော်အမြင်ကြီးမားစွာဖြင့် ချင်းပြည်နယ်အတွင်း မော်တော်ကားလမ်းများကို ဖောက်လုပ်ပေးနေကြောင်း၊ ယနေ့တွင် ပြည်မမှ ချင်းပြည်နယ်သို့သွားရာ လမ်းမကြီး(၃)ခုဖြစ်သော ကလေး - တီးတိန် - တွန်းဇံ - ဖလမ်း - ဟားခါးလမ်း၊ မန္တလေး - ဂန့်ဂေါ - ဟားခါးလမ်း၊ ပခုက္ကူ - ပေါက်-ကျောက်ထု-မင်းတပ်-ကန်ပက်လက်-မတူပီလမ်းများကို အသုံးပြုပြီး ပြည်မနှင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ သို့သော်လည်း ၁၂ ရာသီသွား ကားလမ်းမကြီးအဆင့် ရောက်ရှိရန်လိုအပ်နေပါကြောင်း၊ ချင်းပြည်နယ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

❒ *ကျောဖုံးမှ*

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်းများဆောင်ရွက်ကြသည်။

ရှေးဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက **ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ကောလိပ် (၂)ခု ထားပေးနိုင်ခြင်း ရှိ မရှိ ဖြေကြားပေးစေလိုပါကြောင်းဖြင့်** မေးမြန်းသည်။

ပြန်လည်ဖြေကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)



ယင်းနောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ဗညားအောင်မိုးက **တိုင်းရင်းသား လူမျိုးများ၏ ပညာပေးရေးဌာနများကို ဖွဲ့စည်းဖွင့်လှစ်ပေးရန် သင့် မသင့်** ဖြေကြားပေးပါရန် မေးမြန်းသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်က တိုင်းရင်းသားများ၏ စကား၊ စာပေတို့ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရကျောင်းများတွင် မိမိဘာသာစကား၊ စာပေသင်ယူခွင့် ခွင့်ပြုရန် ရှိ မရှိ နှင့် အစိုးရကျောင်းတွင် သင်ယူခွင့် အခွင့်အရေးရှိပါက မည်သည့်အချိန်မှ စတင်ခွင့်ပြုနိုင်မည်ကို ဖြေကြားစေလိုပါကြောင်း မေးမြန်းသည်။

တရားဝင်သတ်မှတ်

အထက်ပါ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ မေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သည့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပြန်လည်ဖြေကြားသည်။ ရှေးဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးဇုန်လှယ်ထန်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရာ၌ ပညာရေးဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်းတို့ကို လိုအပ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချင်းပြည်နယ်အား ကိုယ်စားပြုသည့် ကောလိပ်တစ်ခုကို စတင်ဖွင့်လှစ်သော ၁၆-၂-၁၉၉၃ ရက်နေ့မှစ၍ ကလေးကောလိပ်ဟု အမည်သတ်မှတ်၍ ဖွင့်လှစ်ခဲ့ပါကြောင်း၊ ၇-၇-၁၉၉၉ ရက်နေ့တွင် ကလေးဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး ၁၄-၅-၂၀၀၃ ရက်နေ့တွင် ကလေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာပြည်တစ်ပြည်လုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များကို အမည်မှည့်ခေါ်ရာတွင် တည်ရှိသည့် မြို့အမည်နာမကို အသုံးပြု၍ သတ်မှတ်လေ့ရှိပါသဖြင့် ကလေးတက္ကသိုလ်ဟု အမည်မှည့်ခေါ်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ကလေးတက္ကသိုလ်အနေဖြင့် ကောလိပ်အဖြစ် စတင်ဖွင့်လှစ်စဉ်ကပင် ကလေးကောလိပ်အဖြစ် တရားဝင်သတ်မှတ်ခေါ်ဆိုခဲ့ပါကြောင်း။

ချင်းပြည်နယ်(မြောက်ပိုင်း) ဒေသမြို့နယ်များမှ အဆင့်မြင့်ပညာ သင်လိုသူများအတွက် ကလေးတက္ကသိုလ်တွင်လည်းကောင်း၊ ချင်းပြည်နယ်(တောင်ပိုင်း) ဒေသမြို့နယ်များမှ အဆင့်မြင့်ပညာ သင်လိုသူများအတွက် ပခုက္ကူတက္ကသိုလ်တွင်လည်းကောင်း အဆင့်မြင့်ပညာရပ်များကို သင်ယူနိုင်ရန် ဖွင့်လှစ်ထားရှိသင်ကြားပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတစ်ဝန်းလုံးတွင် မည်သည့်အရပ်ဒေသ၌ နေထိုင်သည်ဖြစ်စေ တက္ကသိုလ်ပညာသင်ကြားနိုင်ရန် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော University of Distance Education ကို တည်ထောင်ကာ အခွင့်အလမ်းဖွင့်၍ သင်ကြားပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဦးစားပေးဆောင်ရွက်

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ဗညားအောင်မိုး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရာ၌ ပညာရေးဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ နိုင်ငံသားအားလုံး အခြေခံပညာအဆင့်အလိုက် သင်ယူခွင့်ရရှိရေးနှင့် နိုင်ငံတော်၏ ပညာရေး အဆင့်အတန်းမြင့်မားရေးတို့အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ဖြေကြား

တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းရေး၊ တိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ ပညာရေးဌာနများ ဖွင့်လှစ်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင်ပင် လူမျိုးစုပေါင်းများစွာ စုစည်းနေထိုင်လျက်ရှိပါသဖြင့် ကျောင်းတစ်ကျောင်းမှ အတန်းတစ်တန်းတည်းတွင်ပင် လူမျိုးစုတစ်ခုတည်း သီးသန့်မရှိနိုင်ဘဲ လူမျိုးပေါင်းစုံ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထည့်သွင်းရေးဆွဲ

လက်ရှိသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများသည် နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်နှင့်အညီ ပညာရေးသဘောတရားအရ ကလေးသူငယ်များ၏ အသက်အရွယ်အလိုက် လက်ခံသင်ယူနိုင်မှုစွမ်းရည်နှင့် ကိုက်ညီသော ဘာသာရပ်များကို ထည့်သွင်းရေးဆွဲ ထားပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် ရုံးသုံးစာသည် မြန်မာစာဖြစ်သဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် မြန်မာစာနှင့် နိုင်ငံတကာသုံးအင်္ဂလိပ်စာကို ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။

သို့ပါ၍ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုး များစွာရှိသည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုင်းရင်းသား စာပေတစ်ခုချင်းစီကို အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းရေးဆွဲ၍ သင်ကြားရန်မှာ လောလောဆယ်မဖြစ်နိုင်သေးပါကြောင်း၊ မိမိတိုင်းရင်းသားစာပေကို ကျောင်းပြင်ပပညာရေးအနေဖြင့် သင်ကြားဆောင်ရွက်လိုပါက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အဆင့်အဖွဲ့အစည်းဝင်ဖြစ်သည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက ပြန်လည်ဖြေကြားသည်။ ရှေးဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရာ၌ မြစ်ကြီးနား လေယာဉ်ကွင်းသည် လက်ရှိလေယာဉ်ပြေးလမ်း အလျားပေ (၆၀၀၀)၊ အကျယ်ပေ (၁၅၀)ရှိပြီး ဖော်ကာအက်ဖ်-၂၈ ဂျက်လေယာဉ်များ ဆင်းတက် အသုံးပြုလျက်ရှိပါကြောင်း၊ လေယာဉ်ကွင်းပြုပြင် တည်ဆောက်ရေးနှင့်ပတ်သက်၍ ၁၉၉၂-၉၃ ဘဏ္ဍာရေးနှစ်မှစ၍ လေယာဉ်ပြေးလမ်းကို ပြန်လည်ပြုပြင်ခဲ့ပြီး ၁၉၉၃-၉၄ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးခဲ့ပါကြောင်း၊ **လက်ရှိ လေယာဉ်ပြေးလမ်းပေ (၆၀၀၀×၁၅၀)အား မြောက်ဘက်သို့ ပေ (၁၀၀၀×၁၅၀)တိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးပါက မြစ်ကြီးနား လေယာဉ်ကွင်းသို့ ဖော်ကာအက်ဖ်-၁၀၀နှင့် Y-8 လေယာဉ်ကြီးများ ဆင်းသက်ပျံသန်းနိုင်မည်ဖြစ်ပါကြောင်း၊** လေယာဉ်ပြေးလမ်း ဆက်လက်တိုးချဲ့ရေး လုပ်ငန်းများကိုလည်း စီစဉ်ထားပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထပ်မံဖောက်လုပ်

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရာ၌ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းအနေဖြင့် မြန်မာနိုင်ငံဒေသအသီးသီးရှိ ပြည်သူလူထု ခရီးသွားလာမှုအဆင်ပြေစေရေးအတွက် အလေးထားလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ လေယာဉ်များ ပျံသန်းပြေးဆွဲပေးလျက်ရှိပါကြောင်း၊ **ချင်းပြည်နယ်သည် တောတောင်ထူထပ်ပြီး လေယာဉ်များ ပျံသန်း/ဆင်းသက်ရန်အတွက် ကန့်သတ်ချက်အများအပြားရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ လက်ရှိအနေအထားတွင် ချင်းပြည်နယ်(မြောက်ပိုင်း)ရှိ ဒေသခံပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် မြေပြင်အနေအထားအရ ပိုမိုအခြေအနေပေးသည့် ကလေးမြို့တွင် လေယာဉ်ကွင်းတစ်ကွင်း ဖောက်လုပ်ပေးထားပါကြောင်း၊ ချင်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသခံပြည်သူများအတွက်လည်း ပခုက္ကူမြို့နယ်တွင် လေယာဉ်ကွင်းတစ်ကွင်း ဖောက်လုပ်ထားပြီး အသုံးပြုနေပြီဖြစ်ပါကြောင်း၊ ထို့ပြင် ကျောက်ထုမြို့တွင်လည်း လေယာဉ်ကွင်းအသစ်တစ်ခု ထပ်မံဖောက်လုပ်ထားရှိပါကြောင်း၊**

စာမျက်နှာ ၈ ကော်လံ ၁ သို့

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း မေးမြန်းစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ဗညားအောင်မိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် မေးမြန်းစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် မေးမြန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားရာ၌ အခြေခံပညာရေး ရည်မှန်းချက်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်၍ ပညာရေးအခြေခံကောင်းများ ပြည့်ဝသည့် နိုင်ငံ့သားကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းများကို ပြည်တွင်းပြည်ပ ပညာရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပညာရှင်များ၊ နိုင်ငံတကာမှ ပညာရှင်များနှင့် ညှိနှိုင်း၍ နိုင်ငံတကာအဆင့်မီ ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်း (၁၀၀) ကျော် စုစည်းနေထိုင်လျက်ရှိရာ ဘာသာစကားများလည်း များစွာရှိပါကြောင်း၊ အချို့မှာ လူမျိုးစုတူသော်လည်း ဘာသာစကားမှာ ဒေသအလိုက် ကွဲပြားမှုရှိပါကြောင်း၊

ယင်းနောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က **မြစ်ကြီးနားလေယာဉ်ကွင်းကို ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်အထိ တိုးချဲ့ ဖောက်လုပ်ပေးနိုင်ခြင်း ရှိ မရှိ နှင့် ခရီးသည်တင် ဂျက်လေယာဉ်ကြီးများ ပျံသန်းဆင်းသက်ပေးနိုင်ရန် စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ ဖြေကြားပေးစေလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက **ချင်းပြည်နယ်(မြောက်ပိုင်း) ဖလမ်းမြို့နှင့် ချင်းပြည်နယ်(တောင်ပိုင်း) သင့်တော်သည့်နေရာတို့တွင် လေယာဉ်ကွင်း(၂)ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ မရှိ ဖြေကြားပေးစေလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

အထက်ပါ လွှတ်တော်ကိုယ်စားလှယ် (၂)ဦး၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု

12-3 (07).pmd 1 3/12/2011, 4:25 AM

စာမျက်နှာ ၇ မှ

အဆိုပါ လေယာဉ်ကွင်းများသို့ လေယာဉ်များ ပျံသန်းပြေးဆွဲလျက်ရှိပါကြောင်း၊ တင်ပြပါဒေသတွင် လက်ရှိအခြေအနေအရ လေယာဉ်ကွင်းဖောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို ပြန်လည်စတင်ရာ အစီအစဉ်အရ အမျိုးသားလွှတ်တော်သို့ တင်သွင်းထားသည့် အဆိုများကို သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

စနစ်တကျ

ရှေးဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဖင်သာဘိတ် တင်သွင်းထားသည့် **"လက်ရှိပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန်"** အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်ဖြစ်သည့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်ဖြစ်ထွန်းရေးအတွက် အောက်ဖော်ပြပါအတိုင်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါကြောင်း-

(က) မြန်မာနိုင်ငံ၏ ပညာရေးကော်မတီအား နိုင်ငံတော်အဆင့် ဖွဲ့စည်းထားရှိပြီး အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်၏ ပညာရေးဆိုင်ရာမူဝါဒများကို ချမှတ်ပေးလျက်ရှိပါကြောင်း။

(ခ) ထိုမူဝါဒလမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအဆင့်တွင် အဆင့်မြင့်ပညာကဏ္ဍ၌ တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီနှင့် တက္ကသိုလ်များဗဟိုကောင်စီကိုလည်းကောင်း၊ အခြေခံပညာကဏ္ဍ၌ အခြေခံပညာရေးကောင်စီကို လည်းကောင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

(ဂ) တက္ကသိုလ်အဆင့်တွင် တက္ကသိုလ်များမှ ပညာရှင်များနှင့် ပြင်ပပညာရှင်များ ပါဝင်သော တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့နှင့် တက္ကသိုလ်ပညာရေးအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အနှစ်(၃၀) နှစ်ရှည်စီမံကိန်း အဆင့်မြင့်ပညာကဏ္ဍ၏ လုပ်ငန်းစဉ် (၂၃)၊ (၂၄) နှင့် (၃၂)တို့အရ တက္ကသိုလ်များတွင် သင်ကြားလျက်ရှိသော သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာအဆင့်မီရေးအတွက် တက္ကသိုလ်တိုင်းတွင် Curriculum Development Team-CDT များဖွဲ့စည်းပြီး နိုင်ငံတကာသင်ရိုးနှင့် မိမိတက္ကသိုလ်သင်ရိုးတို့ကို စဉ်ဆက်မပြတ် နှိုင်းယှဉ်သုံးသပ်ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း။

(ဃ) နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အာဆီယံတက္ကသိုလ်များကွန်ရက် (ASEAN University Network-AUN) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လျက် ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အင်္ဂလန်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစရှိသည့် နိုင်ငံများရှိ တက္ကသိုလ်များနှင့်ချိတ်ဆက်၍ သုတေသနပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသနဌာနနှင့် သင်ကြားရေးဌာနများ ပူးပေါင်းဖွင့်လှစ်ခြင်း၊ ဧည့်ပါမောက္ခများ လာရောက်ပို့ချခြင်းနှင့် ပါရဂူဘွဲ့ကျမ်းများ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပညာသင်စေလွှတ်ခြင်း စသည့် လုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်လျက်ရှိပါကြောင်း။

(င) အခြေခံပညာအဆင့်တွင်လည်း အနှစ်(၃၀) နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ် (၃)အရ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို အခြေခံပညာနှင့် အဆင့်မြင့်ပညာဌာနများမှ တာဝန်ရှိသူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေးဆွဲသင်ကြားပေးလျက်ရှိသည့်အပြင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် ဂျပန်နိုင်ငံမှ Japan International Cooperation Agency - JICA၊ ကိုရီးယားသမ္မတနိုင်ငံ

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး ဆွေးနွေးစဉ်။ (သတင်းစဉ်)

မှ Korea International Cooperation Agency - KOICA၊ ထိုင်းနိုင်ငံမှ Thailand International Development Cooperation Agency - TICA စသည့် ပညာရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ သင်ကြားသင်ယူမှု အစီအစဉ်များ၊ စစ်ဆေးတိုင်းတာမှုအစီအစဉ်များနှင့် ဆရာများ၏ အရည်အသွေးမြင့်မားရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်စိတ်တစ်ဒေသ

အထက်ဖော်ပြပါ **အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းအဆင့်ဆင့်ကို တာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်မှ ပညာရှင်များပါဝင်သော အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲများကို နှစ်စဉ် ကျင်းပဆောင်ရွက်ပြီး ပညာရေးဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကို ပုံမှန်ပြန်လည်စိစစ်ခြင်း၊ အကဲဖြတ်ခြင်း၊ ပြင်ဆင်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိပါသဖြင့် ဦးစတီဖင်သာဘိတ်၏ အဆိုပြုတင်ပြချက်များသည် ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ပြီးဖြစ်ပါကြောင်းကို ရှင်းလင်းဆွေးနွေးအပ်ပါကြောင်း။**

အထက်ပါ ရှင်းလင်းတင်ပြချက်ကို သိရှိနားလည်သဘောပေါက်ပါက ကိုယ်စားလှယ်တော်ကြီးအနေဖြင့် အဆိုပြုချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးစတီဖင်သာဘိတ်က ပညာရေးဝန်ကြီးဌာန ဝန်ကြီးက ပညာရေးကဏ္ဍတွင် မည်သို့ဆောင်ရွက်နေသည်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိ၏အဆိုကို ပြန်လည်ရုပ်သိမ်းလိုခြင်း မရှိပါကြောင်းနှင့် လွှတ်တော်၏ အများဆန္ဒဖြင့်သာ အဆုံးအဖြတ်ခံယူလိုကြောင်း တင်ပြသည်။

ဆန္ဒမဲပေး

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဖင်သာဘိတ် တင်သွင်းထားသည့် **"လက်ရှိပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန်"** အဆိုကို အတည်ပြုရန် သဘောတူ/မတူ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့်နည်းဖြင့် ဆန္ဒရယူရာ ထောက်ခံမဲ (၂၂)မဲ၊ ကန့်ကွက်မဲ (၁၈၁)မဲ၊ ကြားနေမဲ (၈)မဲဖြစ်သည့်အတွက် ယင်းအဆိုကိုအတည်ပြုရန် လွှတ်တော်က သဘောမတူကြောင်း ကြေညာသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးပေါ်လျှံလွင် တင်သွင်းထားသည့် **"ချင်းပြည်နယ်၏ ပြည်နယ်မြို့တော်ဖြစ်သော ဟားခါးမြို့တွင် ကောလိပ်ကျောင်း ဖွင့်လှစ်ပေးနိုင်ပါရန်"** အဆိုနှင့်စပ်လျဉ်း၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ချင်းပြည်နယ်(မြောက်ပိုင်း) ဒေသမြို့နယ်များမှ အဆင့်မြင့်ပညာသင်လိုသူများအတွက် ကလေးတက္ကသိုလ်တွင်လည်းကောင်း၊ ချင်းပြည်နယ်(တောင်ပိုင်း) ဒေသမြို့နယ်များမှ အဆင့်မြင့်ပညာသင်လိုသူများအတွက် ပခုက္ကူတက္ကသိုလ်တွင်လည်းကောင်း အဆင့်မြင့်ပညာရပ်များကိုသင်ယူနိုင်ရန် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ တက္ကသိုလ်များနှင့်ပတ်သက်၍ နိုင်ငံတကာကသတ်မှတ်ထားသည့် စံနှုန်းများမှာ သင်ယူမှုအခွင့်အလမ်းရရှိရေး(Accessibility)၊ အရည်အသွေးမြင့်မားသည့် ပညာရေး(Quality Education) နှင့်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

မိမိဒေသ၊ မိမိဝါသနာနှင့်ကိုက်ညီသည့် ဘာသာရပ်များကို သင်ယူနိုင်ရေး (Diversity) တို့ ဖြစ်ပါကြောင်း။

အခွင့်အလမ်း

သင်ယူမှုအခွင့်အလမ်းရရှိရေးစံနှုန်းအရ ချိန်ထိုးကြည့်လျှင် ကလေးတက္ကသိုလ်၌ ချင်းပြည်နယ်(မြောက်ပိုင်း)ရှိ ဖလမ်း၊ ဟားခါး၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန် စသည့် မြို့နယ်များမှ ကျောင်းသားဦးရေ (၉၆၈) ဦး ပညာသင်ယူလျက်ရှိပါကြောင်း၊ ပခုက္ကူတက္ကသိုလ်တွင်လည်း ချင်းပြည်နယ်(တောင်ပိုင်း)ရှိ မတူပီ၊ မင်းတပ်၊ ကန်ပက်လက် စသည့်မြို့နယ်များမှ ကျောင်းသားဦးရေ (၆၆၇) ဦး ပညာသင်ယူလျက်ရှိပါကြောင်း၊ ထို့ကြောင့် ယင်းတက္ကသိုလ်များ၌ တက်ရောက်လျက်ရှိသည့် ချင်းပြည်နယ်မှ ကျောင်းသားများမှာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသားများနည်းတူ လွယ်လင့်တကူ ပညာသင်ယူနိုင်သည့်အခွင့်အလမ်းရရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

Quality Education အရ ရှင်းလင်းပြောကြားရလျှင် ကလေးတက္ကသိုလ်၌ ဆရာ ဆရာမပေါင်း (၁၇၀)ကျော်ရှိပြီး ယင်းတို့အနက် ပါရဂူဘွဲ့ရရှိပြီးသူ (၄၁) ဦးရှိပါကြောင်း၊ အလားတူ ပခုက္ကူတက္ကသိုလ်တွင်လည်း ဆရာ ဆရာမပေါင်း (၂၀၀) ကျော် ရှိသည့်အနက် ပါရဂူဘွဲ့ရရှိပြီးသူ (၄၉) ဦးရှိကြောင်း၊ ထို့ကြောင့် ယင်းတက္ကသိုလ်များသည် နိုင်ငံအတွင်းရှိ အခြားတက္ကသိုလ်များနည်းတူ အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပြည့်စုံကောင်းမွန်သည့် ကျောင်းအဆောက်အအုံများနှင့် သင်ထောက်ကူပစ္စည်းများကိုလည်း ပြည့်စုံအောင် ဖြည့်ဆည်းပေးထားပါကြောင်း။

ရှင်းလင်းဆွေးနွေး

Diversity အရ နှိုင်းယှဉ်ချိန်ထိုးရမည်ဆိုပါက တက္ကသိုလ်နှစ်ခုစလုံးတွင် အခြားတက္ကသိုလ်များနည်းတူ အဓိကဘာသာရပ် (၁၂)မျိုးကို သင်ကြားပို့ချပေးလျက်ရှိရာ ကျောင်းသားများအနေဖြင့် မိမိနှစ်သက်ရာဘာသာရပ်ကို အလွယ်တကူ ဆည်းပူးသင်ယူနေလျက် ရှိပါကြောင်း၊ **ထို့ကြောင့် ချင်းပြည်နယ်မှ အဆင့်မြင့်ပညာသင်ယူလိုသူများသည် အခြားတက္ကသိုလ်များနည်းတူ နိုင်ငံတကာ စံနှုန်းနှင့်ကိုက်ညီသည့် တက္ကသိုလ်နှစ်ခုတွင် သင်ယူလျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် မည်သည့်အရပ်ဒေသ၌ နေထိုင်သည်ဖြစ်စေ တက္ကသိုလ်ပညာသင်ကြားနိုင်ရန် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော University of Distance Education ကို တည်ထောင်ကာ အခွင့်အလမ်းဖွင့်၍ သင်ကြားပေးလျက်ရှိပါကြောင်း**ကို ဆွေးနွေးအပ်ပါကြောင်း။

အထက်ပါ ရှင်းလင်းတင်ပြချက်ကို သိရှိနားလည်သဘောပေါက်ပါက ကိုယ်စားလှယ်တော်ကြီးအနေဖြင့် အဆိုပြုချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ပညာရေးဝန်ကြီးဌာန ဝန်ကြီးက ပညာရေးကဏ္ဍတွင် မည်သို့ဆောင်ရွက်နေသည်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိ၏အဆိုကို ပြန်လည်ရုပ်သိမ်းလိုခြင်းမရှိပါကြောင်းနှင့် လွှတ်တော်၏ အများဆန္ဒဖြင့်သာ အဆုံးအဖြတ်ခံယူလိုကြောင်း တင်ပြသည်။

ဆန္ဒရယူ

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် တင်သွင်းထားသည့် **"ချင်းပြည်နယ်၏ ပြည်နယ်မြို့တော်ဖြစ်သော ဟားခါးမြို့တွင် ကောလိပ်**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကျောင်းဖွင့်လှစ်ပေးနိုင်ပါရန်" အဆိုကို အတည်ပြုရန် သဘောတူ/မတူ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့်နည်းဖြင့် ဆန္ဒရယူရာ ထောက်ခံမဲ (၁၃)မဲ၊ ကန့်ကွက်မဲ (၁၉၀)၊ ကြားနေမဲ (၁၀)မဲဖြစ်သည့်အတွက် ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောမတူကြောင်း ကြေညာသည်။

ထို့နောက် အစီအစဉ်အရ အမျိုးသားလွှတ်တော်သို့ တင်သွင်းထားသည့် အဆိုများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆင်ခြင်သုံးသပ်

ရှေးဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် တင်သွင်းထားသည့် **"ဂန့်ဂေါမြို့နှင့် ရေစကြိုမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီသွားလာနိုင်အောင် ပြုပြင်ပေးပါရန်နှင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန်"** အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည်က ဆွေးနွေးရာ၌ ချင်းပြည်နယ်အတွင်း ခရိုင် (၂)ခု၊ မြို့နယ် (၉)ခု၊ မြို့နယ်ခွဲ (၃)ခုတည်ရှိပြီး သဘာဝသယံဇာတ ရှားပါးခြင်း၊ ပထဝီအနေအထားအရ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းတို့ကြောင့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးများမှာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့်မတူ နောက်ကျနေရကြောင်းကို ဆင်ခြင်သုံးသပ်မိပါကြောင်း၊ ဒေသတွင်း လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် ဂန့်ဂေါမြို့နှင့် ရေစကြိုမြို့အကြား ကားလမ်းကို ၁၉၆၀ နှင့် ၁၉၇၀ ခုနှစ်များအကြား ဖောက်လုပ်ခဲ့သော်လည်း မြေလမ်း၊ ကျောက်လမ်းအဆင့်သာ ဖောက်လုပ်နိုင်ခဲ့ပြီး ၁နှစ်တွင် နွေရာသီ (၄)လသာ သုံးစွဲနိုင်ပါကြောင်း။

သို့ပါ၍ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အစစအရာရာ အဆင်ပြေစေရေးအတွက် နိုင်ငံတော်မှ ဂန့်ဂေါမြို့နှင့် ရေစကြိုမြို့အကြား ကားလမ်းကို ဆယ့်နှစ်ရာသီသွားလာနိုင်အောင်ပြုပြင်ပေးပါရန် အဆိုကို ထောက်ခံတင်ပြအပ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အကြား ဆက်သွယ်သွားလာရန် အလွန်ခက်ခဲလျက်ရှိပါကြောင်း၊ အထူးသဖြင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားမှာ ယခုအချိန်ထိ ကားသွားလာနိုင်ခြင်းမရှိဘဲ သွားလာရေးအခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်နေပါကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

...rsity of Distance Edu-
...ခွင့်အလမ်းဖွင့်၍ သင်ကြား
...နွေးအပ်ပါကြောင်း။
...င်ပြချက်ကို သိရှိနားလည်
...ယ်တော်ကြီးအနေဖြင့် အဆို
...ပေးပါရန် မေတ္တာရပ်ခံအပ်ပါ

...င်းခဲ့သည့် ချင်းပြည်နယ်
...လျှံလွင်က ပညာရေးဝန်ကြီး
...ဌာတွင် မည်သို့ဆောင်ရွက်
...င်းလင်းပြောကြားပေးသည့်
...ိပါကြောင်း၊ မိမိ၏အဆိုကို
...ကြောင်းနှင့် လွှတ်တော်၏
...တ်ခံယူလိုကြောင်း တင်ပြ

...ယူ

...ယ် မဲဆန္ဒနယ်အမှတ်(၉)မှ
...သည့် **"ချင်းပြည်နယ်၏**
...ဟားခါးမြို့တွင် ကောလိပ်

ထို့နောက် ယင်းအဆိုကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဦးသော်ဇင်ဦးက ဆွေးနွေးရာတွင် **အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြား မြစ်သာမြစ်ကို ဖြတ်ပြီး ဆောက်လုပ်ထားသော ကြိုးတံတားသည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နှင့် ချင်းပြည်နယ် ရေဇွာမြို့ လမ်းအရှည် (၁၀၅)မိုင်ပေါ်တွင်ရှိသည့် ကြိုးတံတားဖြစ်ပြီး ဆိုင်ကယ်နှင့် လူသွားကြိုးတံတား (၁)ခု ဖြစ်ပါကြောင်း၊ ချင်းပြည်နယ် ရေဇွာမြို့မှ ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထု၊ ပေါက်၊ ပခုက္ကူ၊ မန္တလေးမြို့များသို့ သွားလာနိုင်သော တံခါးပေါက်တစ်ခုဖြစ်သည့်အတွက် ဒေသတွင်း အရေးပါသော တံတားတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ပေးသင့်ပါကြောင်း။**

သို့သော်လည်း ၄င်းကြိုးတံတားနှင့် (၃)မိုင်အကွာတွင် ဂန့်ဂေါနှင့် ဟားခါး၊ ကလေး၊ တမူးမြို့များသို့ ဆက်သွယ်ထားသည့် ကားလမ်းပေါ်၌ မြစ်သာမြစ်ကူးတံတား(၁)ခု ဆောက်လုပ်ပြီးဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် အောက်တိုဘာလအတွင်းက တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထု၊ ပေါက်၊ ပခုက္ကူ ကားလမ်းပေါ်ရှိ ပေါက်မြို့အနီး ယောချောင်းကို ဖြတ်ပြီး အကျဆုံးဖြစ်ပါကြောင်း၊ ပလက်ဝမြို့မှ ချင်းပြည်နယ်၏ မြို့တော် ဟားခါးကိုသွားရာတွင် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး တို့ကို ဖြတ်သန်း၍ သွားလာရပါကြောင်း၊ ပလက်ဝမြို့နှင့် မတူပီမြို့ကြားရှိ ကျေးရွာ ပြည်သူများသည် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးစသော ကိစ္စရပ်များအတွက် ဆက်သွယ်သွားလာရာတွင် ခြေကျင်ခရီးကိုသာ အားထားနေကြရပါကြောင်း၊ ၄င်းဒေသသည် သဘာဝမြေဆီသြဇာ ကောင်းမွန်ပြီး သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သော်လည်း ဈေးကွက်သို့မရောက်ဘဲ ဖြစ်နေပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည်ဆိုပါက မတူပီ၊ မင်းတပ်မြို့များနှင့် ရခိုင်ပြည်နယ်အပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ပါ ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ပလက်ဝ-မတူပီကားလမ်း လမ်းအူကြောင်း၏ အနေအထားအရ ပလက်ဝမြို့မှ မတူပီမြို့အထိ လမ်းအရှည်မိုင် (၁၇၀)ခန့် ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ပလက်ဝမြို့မှ (၄)မိုင်ခန့်အထိမှာ ကျောက်ခင်းလမ်း၊ မတူပီမြို့မှ (၅)မိုင်ကျော်အထိမှာ မြေသားလမ်းဖြစ်ပြီး ကျန်အပိုင်းမှာလည်း လမ်းအူကြောင်းသာရှိသဖြင့် ခြေကျင်သွားနေရသည့်

မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် (၄၀)ဦး မပြည့်သည့်အတွက် ယင်းအဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာသည်။

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန်ခဲန်းက **"လက်ရှိ လစာနှုန်းထားမမီသော တပ်မတော်မှ အငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်းစားများ၏ ပင်စင်လစာကို မိမိရာထူးအလျောက် လစာငွေအတိုင်း တိုးမြှင့်ပေးရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးဇေ့ယိန်းက ထောက်ခံတင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အမျိုးသားလွှတ်တော်၏ ဆန္ဒကို ရယူရာ အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်များရှိသည့်အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ် (၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒကို ရယူသည်။ မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် (၄၀)ဦးထက် ကျော်လွန်သည့်အတွက် ယင်းအဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားသည့်အခါတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် **"နိုင်ငံသားတိုင်း လိုလိုလားလား အခွန်ထမ်းဆောင်လိုသူများ ဖြစ်လာစေရေးအတွက် ပြည်သူ့လှုပ်ရှားမှု အသွင်သဏ္ဌာန်ပုံစံဖြင့် အများပြည်သူလူထုများအား စည်းရုံးပညာပေးရေး အစီအစဉ်များ ဆောင်ရွက်ရန်"** အဆိုကို အမျိုးသားလွှတ်တော်သို့ တင်သွင်းရန် တင်ပြထားသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးပေါ်လျှံလွင်က ယင်းအဆိုကို မတင်သွင်းလိုတော့ပါကြောင်း အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈၊ နည်းဥပဒေခွဲ (က)နှင့်အညီ တင်ပြသည်။

ဆက်လက်၍ **"ရွှေ့ပြောင်းတောင်ယာစနစ်ကို တွန်းလှန်နိုင်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းချမှတ်၍ အစားထိုးသီးနှံများ စိုက်ပျိုးရန်အတွက် လိုအပ်သော ချေးငွေကို ဗဟိုဘဏ်မှ ချေးငှားပေးရေး စီမံဆောင်ရွက်ပေးပါရန်"** အဆိုကို အမျိုးသားလွှတ်တော်သို့ တင်သွင်းရန် တင်ပြထားသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးပေါ်လျှံလွင်က ယင်းအဆိုကို မတင်သွင်းလိုတော့ပါကြောင်း အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈၊ နည်းဥပဒေခွဲ (က)နှင့်အညီ တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး နဝမနေ့ကို မတ်လ (၁၄)ရက် (တနင်္လာနေ့) နံနက် (၁၀) နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ (၂) နာရီတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

...အမှတ်(၁၂)မှ ဦးဆလိုင်း (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

...အဆိုကို အတည်ပြုရန်
...အသုံးပြု၍ ဆန္ဒမဲပေးသည့်
...ခံမဲ (၁၃)မဲ၊ ကန့်ကွက်မဲ
...သည့်အတွက် ယင်းအဆိုကို
...ဘောမတူကြောင်း ကြေညာ

...၊ အမျိုးသားလွှတ်တော်သို့
...ကို အမျိုးသားလွှတ်တော်
...းကြသည်။

...းသပ်

... မဲဆန္ဒနယ်အမှတ်(၉)မှ
...ည့် **"ဂန့်ဂေါမြို့နှင့် ရေဇွာ**
...နှစ်ရာသီသွားလာနိုင်အောင်
...နှင့် အနောက်ဂန့်ဂေါကြားရှိ
...နိုင်သော တံတားအဖြစ်
...ကို ရန်ကုန်တိုင်းဒေသကြီး
...ဝိုင်းကြည်က ဆွေးနွေးရာ၌
...ခု၊ မြို့နယ် (၉)ခု၊ မြို့နယ်ခွဲ
...ဇာတ ရှားပါးခြင်း၊ ပထဝီ
...က်သွယ်မှု ခက်ခဲခြင်းတို့
...ရေး၊ ဒေသဖွံ့ဖြိုးရေးများမှာ
...နယ်များနှင့်မတူ နောက်ကျနေ
...မိပါကြောင်း၊ ဒေသတွင်း
...လာစေရေးအတွက် ဂန့်ဂေါ
...လမ်းကို ၁၉၆၀ နှင့် ၁၉၇၀
...ခဲ့သော်လည်း မြေလမ်း၊
...က်လုပ်နိုင်ခဲ့ပြီး ၁နှစ်တွင်
...ါကြောင်း။
...ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်
...ရေးအတွက် နိုင်ငံတော်မှ
...ကားလမ်းကို ဆယ့်နှစ်ရာသီ
...န် အဆိုကို ထောက်ခံတင်ပြ
...ဒေသကြီးနှင့် ချင်းပြည်နယ်
...န် အလွန်ခက်ခဲလျက်ရှိပါ
...န့်ဂေါနှင့် အနောက်ဂန့်ဂေါ
...အချိန်ထိ ကားသွားလာနိုင်
...အခဲများနှင့် ရင်ဆိုင်နေရဆဲ
... ချင်းပြည်နယ် မဲဆန္ဒနယ်
...၏ အဆိုကို ထောက်ခံပါ

ဖောက်လုပ်ထားသော အုန်းတောတံတားနှင့် ရေပြာတံတားတို့သည် ချောင်းရေဖြင့် မျောပါပျက်စီးသွားသည့်အတွက် လောလောဆယ် အရေးတကြီး ပြုပြင်ဆောက်လုပ်ပေးရမည့် တံတား (၂)ခု ဖြစ်ပါကြောင်း။

နောင်မှ ဆောင်ရွက်သင့်

အထက်ပါတံတား (၂)ခု အမြန်ဆုံး မပြုပြင်နိုင်ပါက လာမည့်မိုးတွင်းကာလအတွင်း ချင်းပြည်နယ်၊ ကန်ပက်လက်၊ မင်းတပ်၊ မတူပီ၊ ဟားခါးမြို့များနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဆက်သွယ်မှုများ ပြတ်တောက်သွားနိုင်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် အထက်ပါ တံတား (၂)ခုအား အမြန်ဆုံးပြုပြင်ပေးသင့်ပါကြောင်း၊ ဂန့်ဂေါကြိုးတံတားပြုပြင်ပေးခြင်းအားဖြင့် ရေဇွာမြို့နယ်ခွဲတစ်ခုတည်းသာ အကျိုးပြုမှာဖြစ်သည့်အတွက် နိုင်ငံတော်ဘတ်ဂျက်အခြေအနေအရ နောင်မှသာ ဆောင်ရွက်သင့်ပါကြောင်း၊ သို့ဖြစ်၍ ဦးပေါ်လျှံလွင်၏ အဆိုအား ကန့်ကွက်ပါကြောင်းနှင့် ယင်းအဆိုကို ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးပေါ်လျှံလွင် တင်သွင်းထားသည့် **"ပလက်ဝနှင့် မတူပီမြို့ကို ဆက်သွယ်သော မော်တော်ကားလမ်းအား အမြန်တည်ဆောက်ပေးပါရန်"** အဆိုကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးအုန်းတင်က ဆွေးနွေးရာ၌ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်သည် နယ်မြေချင်း ဆက်စပ်လျက်ရှိသည့် ပြည်နယ်(၂)ခုဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄)ခုရှိသည့်အနက် ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ် (၂)ခုဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းရခြင်းမှာ အဓိကအားဖြင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲ၍သာဖြစ်ပါကြောင်း၊ ပလက်ဝမြို့မှာ ချင်းပြည်နယ်အတွင်းရှိသော်လည်း သွားလာဆက်သွယ်မှု ခက်ခဲ၍ စစ်တွေနှင့်သာ ဆက်သွယ်နေရပါကြောင်း၊ ပလက်ဝနှင့် မတူပီဆက်သွယ်သည့် ကားလမ်းရှိလာပါက ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်၍ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့လာကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်သွယ်ဆောင်ရွက်

ထို့နောက် ယင်းအဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးဆလိုင်းခွဲယန်က ဆွေးနွေးရာ၌ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်မှာ လမ်းပန်းဆက်သွယ်ရေးသည် အဓိက အခြေအနေရှိပါကြောင်း၊ သို့ပါ၍ **ချင်းပြည်နယ်အတွင်းရှိ ပလက်ဝမြို့နယ်နှင့် မတူပီမြို့နယ် ပြည်သူများ၏ လူမှုဘဝ တိုးတက်ရေးအတွက်သော်လည်းကောင်း၊ ချင်းပြည်နယ်၏ အုပ်ချုပ်ရေးယန္တရားလွယ်ကူစွာ လည်ပတ်နိုင်ရေးအတွက် သော်လည်းကောင်း ပလက်ဝ-မတူပီကားလမ်း ဖောက်လုပ်ရေးကို ဦးစားပေးအစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း**ဖြင့် ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း တင်သွင်းထားသည့် **"တန်ဖိုးနည်း အိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား ၄င်းတို့၏ လစာငွေမှ လစဉ်အရစ်ကျ ခုနှိမ်စနစ်ဖြင့်ဝယ်ယူရေး စီစဉ်ပေးရန်"** အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဇုန်လှယ်ထန်းက ဆွေးနွေးရာ၌ နိုင်ငံတကာတွင် ပြည်သူများ အိုးအိမ်ပိုင်ဆိုင်မှုရှိအောင် ဆောင်ရွက်ပေးနေသည်ကို လေ့လာသိရှိရပါကြောင်း၊ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံပြီး ဝန်ထမ်းများအတွက် အိုးအိမ်များဆောက်လုပ်ပေးပါက ဝန်ထမ်းများ အရစ်ကျ ဝယ်ယူရရှိကာ အိုးပိုင်အိမ်ပိုင်ဖြစ်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန်ခဲန်း၏အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို ပြန်လည်စတင်ရာ အစီအစဉ်အရ အမျိုးသားလွှတ်တော်သို့ အဆိုများ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်သည်။

ရှေးဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်းက **"အသက် (၇၅)နှစ်နှင့်အထက်ရှိသူများအား လစဉ်သင့်တော်သော ထောက်ပံ့ငွေဖြင့် နိုင်ငံတော်က ဂါရဝပြုထောက်ပံ့ရန်နှင့် တပ်မတော်မှ အငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်းစားများကိုလည်း အလားတူ အငြိမ်းစားလစာအပြင် လစဉ်သင့်တော်သော ထောက်ပံ့ငွေ ပေးရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ထောက်ခံတင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အမျိုးသားလွှတ်တော်၏ ဆန္ဒကိုရယူရာ အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်များရှိသည့်အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ် (၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒကို ရယူသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + အင်္ဂလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ **ဗောဇ္ဈင်္ဂသုတ်** တရားတော် (အပိုင်း-၉) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆း၄၀ သက်ဝင်လှုပ်ရှား ရသရုပ်လုံးရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄၀)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၇)
၈း၄၀ ပညာအလင်းနှင့်ယုံကြည်မှုတို့ အပ်နှင်းရာ…ပြင်ဦးလွင်စိုးစံမှာ
၈း၅၀ ဖန်ခါးမြေမှ ရတနာ
၉း၀၅ ရန်ကုန်မြင်ကွင်းကျယ် (မြပန်ဝါကုမ္ပဏီ၏ ISO 9001 2008 လက်မှတ်ချီးမြှင့်ပွဲအခမ်းအနား)
၉း၂၅ ပန်းချီပြခန်း (Shwe Generation ပန်းချီပြပွဲ)
၉း၃၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၀ အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
၁၀း၂၅ သွားမယ်စားမယ် (Sen Viet)
၁၀း၅၀ Goals of the Week
၁၁း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Chigo 2011 Annual Dinner)
၁၁း၃၅ ဟိုတယ်လမ်းညွှန် (Ocean Paradise Resort, Ngwe Saung Beach)
၁၂း၀၅ **အသံတိတ်အိပ်မက်ဆိုး** မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁း၀၀ **ဗောဇ္ဈင်္ဂသုတ်** တရားတော် (အပိုင်း-၉) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ VJ Choice
၃း၀၀ မကွေးကောလိပ် (၁၉၆၄-၁၉၇၆)ခုနှစ် ဘာသာရပ်ပေါင်းစုံအာစရိယပူဇော်ပွဲ
၃း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Sildora ကံစမ်းမဲဖွင့်ပွဲ)
၃း၃၅ ခရီးပျော်တို့လမ်းညွှန်ရာ (ပုဂံခရီးစဉ်) (အပိုင်း-၂)
၃း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၇)
၄း၄၀ ရခိုင်သဟာယအသင်းနှင့် ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)တို့၏ ပညာရည်ချွန်ဆုနှင့်ထူးချွန်ဆုပေးပွဲ
၅း၁၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကီလီရိပ်သာလမ်းက ဝါးတန်းလမ်း အိမ်ရာ)
၅း၃၀ ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၃)
၆း၀၀ MRTV-4 သတင်း
၆း၂၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ မြင့်ကြည်) (အပိုင်း-၁)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄၁)
၇း၃၀ ဖက်ရှင်လမ်းညွှန် (နွေရာသီဖက်ရှင်)
၇း၄၅ Activities in the City (Ebara Hatakeyama Memorial Fund MTG Motors Trading) Co.Ltd. တို့၏ဟောပြောပွဲ)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Kid's Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ)
၉း၀၅ သူတို့ပြောတဲ့သူတို့အကြောင်း (တေးသံရှင် ဖိုးကာနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၇)
၁၀း၁၀ FIFA နှင့် Goal Project (အပိုင်း-၁)
၁၀း၂၀ ရွှေဖြစ်မည့်ရတနာအစစ်…
၁၀း၃၀ စိတ်ကူးတို့နှင့်မြမြင့်မိုရ်
၁၀း၅၀ သဘာဝကပေးသော လက်ဆောင်များ
၁၁း၀၀ FA Cup (Man U Vs Arsenal)
၁း၀၀ Box Office Movies (300)
၁း၃၀ ဈေးနှုန်းချိုသာ မြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
၁း၄၀ World of Knowledge (Seconds From Disaster Meltdown in Chernobyl)
၂း၃၀ မြန်မာတို့၏ စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
၂း၄၀ **ဘဝများ** (ဗေလုဝ)
၃း၀၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Neptune Pet Shop)
၃း၁၅ သုခရိပ်မြုံဂေဟာမှ ပွင့်လန်းနေသောပန်းကလေးများ
၃း၄၀ ဖန်တီးသူတို့ကမ္ဘာ
၃း၅၅ အိုက်ကီဒိုနှင့်သမီးပျို
၄း၁၀ မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်းအရောင်းပြခန်း)
၄း၃၀ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟုထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော်
၄း၄၀ မန်းစက်တော်မှ ခြေတော်ရာဦးဖုးရအောင်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၇း၁၀	Birmingham- Bolton	Star Sports (Live)
၁၁း၀၀	Man U - Arsenal	Star Sports (Live)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၈ ရက် (ဥပုသ်နေ့)

၁၂-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ **အင်္ဂုဇယမင်္ဂလာ** (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈း၀၀ ၇။ ကဗျာပန်းဥယျာဉ်
၈း၁၅ ၈။ အကပြိုင်ပွဲ
၈း၂၀ ၉။ **လှေကားသုံးထစ်ဆင်းတဲ့အခါ**
၈း၃၀ ၁၀။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀ ၁၁။ **International News**
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၃၀ ၅။ **Yan Can Cook**
၁၃း၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၂၃)
၁၄း၅၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ တေးဂီတအစီအစဉ်
၅း၂၅ ၈။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၀ ၉။ **ရတနာစုံညီ နေပြည်တော်ဆီ**
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၂၉)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၀၆)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၁၃)
၂၀။ **ဂီတတံခါးလေးဖွင့်ပါဦး**
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

စာမျက်နှာ ၆ မှ

(တောင်ပိုင်း) ပလက်ဝမြို့သည် ကျန်ရှိသော ချင်းပြည်နယ် (၈)မြို့နှင့် ဆက်သွယ်ရန် လမ်းမရှိသေးကြောင်း၊ ပြည်နယ်မြို့တော် ဟားခါးသို့ အချိန်မရွေးသွားရောက်နိုင်ရန် ပလက်ဝမြို့မှ မတူပီ-ဟားခါးလမ်းကို ဖောက်လုပ်ပေးရန် တင်ပြပါကြောင်း၊ ချုပ်၍တင်ပြရလျှင် လက်ရှိဖောက်လုပ်ပြီးလမ်းများ စံချိန်မီကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန်၊ ပလက်ဝ-မတူပီကားလမ်း ဖောက်လုပ်ပေးရန်နှင့် ဖလမ်း-ရိဒ်လမ်းကို မွမ်းမံပြင်ဆင်ပေးရန် တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆင့်မြှင့်တင်

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်က ရှင်းလင်းဆွေးနွေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ **ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ချင်းပြည်နယ်တွင် အဓိကလမ်းမကြီး(၈)လမ်း အပါအဝင် လမ်းကွန်ရက်ဆက်သွယ်သည့် လမ်းပေါင်း(၂၆)လမ်း၏ အသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တိုးတက်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။**

အဓိကလမ်းမကြီး (၈)လမ်းမှာ-

(၁) ဟားခါး-ဖလမ်း-သိုင်းငင်း-ကလေးလမ်း (၁၁၅ မိုင် ၁ဖာလုံ)
(၂) သိုင်းငင်း-တီးတိန်-တွန်းဇံ-ကျီခါးလမ်း (၁၀၇ မိုင် ၅ ဖာလုံ)
(၃) တီးတိန်-ရိဒ်လမ်း (၃၂ မိုင် ၃ ဖာလုံ)
(၄) ဖလမ်း-ရိဒ်လမ်း (၆၄ မိုင် ၂ ဖာလုံ)
(၅) ဟားခါး-ဂန့်ဂေါလမ်း (၇၀ မိုင် ၄ ဖာလုံ)
(၆) ဟားခါး-ရေဇွာ-မတူပီလမ်း (၁၇၂ မိုင် ၇ ဖာလုံ)
(၇) မတူပီ-မင်းတပ်-ကျောက်ထုလမ်း (၁၁၄ မိုင် ၇ ဖာလုံ)
(၈) မတူပီ-ပလက်ဝလမ်း (၁၃၅ မိုင် ၃ ဖာလုံ)

တို့ဖြစ်ပြီး ချင်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လမ်းမိုင် စုစုပေါင်းမှာ (၁၀၉၄)မိုင် (၆)ဖာလုံရှိပါကြောင်း၊ လမ်းအမျိုးအစားအလိုက် ပြောရမည်ဆိုပါက ကတ္တရာလမ်း(၂၈၇ မိုင် ၇ ဖာလုံ)၊ ကျောက်လမ်း (၂၈၂ မိုင် ၃ ဖာလုံ)၊ အမာခံလမ်း(၁၅ မိုင် ၄ ဖာလုံ)၊ မြေလမ်း (၅၀၉ မိုင် ၀ ဖာလုံ)၊ စုစုပေါင်း(၁၀၉၄ မိုင် ၆ ဖာလုံ)ဖြစ်ပါကြောင်း။

ချင်းပြည်နယ်တွင် တည်ဆောက်ပြီး တံတားများအနေဖြင့် ပေ(၅၀)အောက်ရေပြွန်နှင့် တံတားအစင်း(၈၀)၊ ပေ(၅၀)မှ ပေ(၁၀၀) အောက် တံတား(၂၉)စင်း၊ ပေ(၁၀၀)မှ ပေ(၁၈၀)အောက်တံတား(၁)စင်း၊ ပေ (၁၈၀)အထက် တံတား(၅)စင်း၊ စုစုပေါင်းတံတား(၁၁၅)စင်း တည်ဆောက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ၄င်းတံတားများအနက် ပေ(၂၇၀) အရှည်ရှိ နတ်ဇံတံတား၊ ပေ (၂၄၀)အရှည်ရှိ လည်မျို တံတား၊ ပေ(၃၄၀)အရှည်ရှိ ဗားရ်တံတား၊ (၃၈၅)ပေအရှည်ရှိ ကပ်တဲလ်တံတား၊ ပေ(၄၆၀)အရှည်ရှိ မန်ဆွောင်တံတားတို့သည် ယခုဆယ်စုနှစ်အတွင်း ချင်းပြည်နယ်တွင် တိုးတက်တည်ဆောက်ပြီးစီးခဲ့သည့် ပေ(၁၈၀)အထက် တံတားကြီးများ ဖြစ်ပါကြောင်း။

တိုးမြှင့်ဖွင့်လှစ်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ချင်းပြည်နယ်တွင် လမ်း/တံတား တိုးတက်တည်ဆောက်နိုင်ရေးအတွက် ပြည်နယ် အင်ဂျင်နီယာမှူးကြီးရုံး(၁)ရုံး၊ ခရိုင်အင်ဂျင်နီယာမှူးရုံး (၂)ရုံး၊ မြို့နယ်အင်ဂျင်နီယာရုံး (၉)ရုံး၊ မြို့နယ်ခွဲရုံး (၃)ရုံးဖွင့်လှစ်၍ ပြည်နယ်အတွင်း လမ်း၊ တံတားများ တိုးတက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တာဝန် ပေးအပ်ဆောင်ရွက်လျက်ရှိပြီး ချင်းပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ အထူးတိုးတက်ကောင်းမွန်စေရေးအတွက် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆောင်သည့် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၁)ကို ဖလမ်းတွင်လည်းကောင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆောင်သည့် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၂)ကို ဟားခါးတွင်လည်းကောင်း ၁၉၉၄ ခုနှစ်မှစ၍ အခြေစိုက်ရုံး(၂)ရုံးတိုးမြှင့်ဖွင့်လှစ်ပြီး လုပ်ငန်းများကို တာဝန်ပေးဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ကြောင့် ချင်းပြည်နယ်တွင် အင်ဂျင်နီယာဝန်ထမ်း စုစုပေါင်း (၉၀)၊ ရုံးဝန်ထမ်း(၇၅)ဦး၊ လုပ်သားအင်အား (၃၀၀)၊ စက်ယာဉ်ယန္တရား (၁၉၉)စီးတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူအင်အား၊ စက်အင်အားများဖြင့် ချင်းပြည်နယ်၏ လမ်း၊ တံတားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်စီမံချက်များချမှတ်၍ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ချင်းလူမျိုးဖြစ်သော အင်ဂျင်နီယာမှူးကြီး ဦးငွန်ဆန်းအောင်အား ချင်းပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်စေရန်အတွက် ၁၉၈၇ ခုနှစ်မှစ၍ ယနေ့အထိ ရာထူးအဆင့်ဆင့်တိုးကာ ချင်းပြည်နယ်တာဝန်ခံ အင်ဂျင်နီယာမှူးကြီးအဖြစ်ခန့်အပ်၍ တာဝန်ထမ်းဆောင်စေခဲ့သည့်အတွက် ယခုအချိန်တွင် ယခင်ကာလများကထက် လမ်း၊ တံတားများ ပိုမိုတိုးတက်ကောင်းမွန်လာသည်ကိုလည်း တွေ့ရှိရမှာဖြစ်ပါကြောင်း။

ယခုအခါ ချင်းပြည်နယ်နှင့်အတူ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် တံတားများကို သံကူကွန်ကရစ်တံတားများဖြစ်ရေးအတွက် ပေ(၅၀)နှင့်အောက် တံတားများကို ပထမအဆင့်ဖြင့်လည်းကောင်း၊ ပေ(၅၀)နှင့်အထက် ပေ(၁၀၀)အောက် တံတားများကို ဒုတိယအဆင့်ဖြင့်လည်းကောင်း၊ ပေ(၁၀၀)နှင့် ပေ(၁၈၀)အောက် တံတားများကို တတိယအဆင့်ဖြင့်လည်းကောင်း အဆင့်(၃)ဆင့်ဖြင့် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ပေ(၁၈၀)နှင့်အထက် တံတားများရှိပါက အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

ပိုမိုဖြည့်ဆည်း

ယခု ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွက် ကတ္တရာ (၈၂၄)တန် ခွဲဝေပေးပို့ခဲ့ပါကြောင်း၊ ယခင်နှစ်များတွင် ကတ္တရာ တန်(၅၀၀)ခန့်သာရရှိခဲ့၍ ချင်းပြည်နယ်လမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် ကတ္တရာ (၃၂၄)တန် ပိုမိုဖြည့်ဆည်းပေးပို့ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်နယ်လမ်းမကြီးဖြစ်သည့် ဟားခါး-ရေဇွာ-မတူပီ လမ်းမကြီး တိုးတက်ရေးလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ပလက်ဝ-ကလက်ဝ-မြိတ်ဝ ကုန်သွယ်ရေးလမ်းကြောင်းကိုလည်း အိန္ဒိယ နိုင်ငံမှ IRCON ကုမ္ပဏီ (Indian Railway Construction Company Limited) နှင့် မြန်မာနိုင်ငံမှ မက်စ်ကုမ္ပဏီတို့ ပူးပေါင်းလျက် စီမံချက်ချ ဆောင်ရွက်လျက်ရှိရာ ယခုအခါ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပလက်ဝ-မတူပီလမ်းကိုလည်း အဆင့်မြှင့်တည်ဆောက်ရန် ဆက်လက်စီမံဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ်နှင့်ဆက်စပ်သည့်လမ်း တစ်လမ်းဖြစ်သော ကျောက်တော်- ပလက်ဝလမ်း တိုးတက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စက်ယန္တရားအစီး(၃၀)နှင့် လမ်းအထူးအဖွဲ့(၈)၊ တံတားအထူးအဖွဲ့(၁၆)တို့မှ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘက်စုံတိုးတက်ကောင်းမွန်

ဟားခါး-မတူပီ၊ မတူပီ-ပလက်ဝ၊ ကျောက်တော်-ပလက်ဝ စသည့် အိန္ဒိယနှင့် နယ်စပ်ဆက်သွယ်ရေးလမ်းများ၊ ရခိုင်ပြည်နယ်နှင့် ဆက်သွယ်လျက်ရှိသောလမ်း၊ ချင်းတောင်ဒေသ၏ တောင်ပိုင်း၊ မြောက်ပိုင်းဆက်သွယ်ရေးလမ်းများကို ဘက်စုံတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်မှ ချင်းပြည်နယ်နှင့်ဆက်စပ်နေသော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့နှင့် ပြည်နယ်ဝင်ပေါက် လမ်းမကြီးများ၊ ကုန်သွယ်ရေးလမ်းကြောင်းများ၊ နယ်စပ်ဆက်သွယ်ရေးလမ်းကြောင်းများကို ဘက်စုံ ထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်အောင် တစိုက်မတ်မတ် ဆောင်ရွက်ပေးနေပြီဖြစ်သည့်အတွက် ကိုယ်စားလှယ်တော်ကြီးတင်ပြသည့် ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရန်အဆိုသည် နိုင်ငံတော်မှ ဆောင်ရွက်ပေးထားပြီးဖြစ်သော ကိစ္စဖြစ်သည့်အတွက် ထပ်မံတင်ပြရန်မလိုတော့သည့် အဆိုဖြစ်သည်ဟု ယူဆပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏အဆိုအပေါ် ဆွေးနွေးသူ(၂)ဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့က အသေးစိတ်ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးခဲ့သည်ကို အားလုံးကြားသိကြပြီး ဖြစ်ပါကြောင်း၊ ဦးငွန်မောင်း၏အဆိုသည် နိုင်ငံတော်က စနစ်တကျ စီစဉ်ဆောင်ရွက်ပေးထားသော ကိစ္စရပ်ဖြစ်သည့်အတွက် သီးခြားတင်သွင်းရန်မလိုသည့် အဆိုဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း၊ ယနေ့ဆွေးနွေးချက်များအပေါ် ဦးငွန်မောင်း၏ သဘောထားကို သိလိုပါကြောင်း မေးမြန်းရာ ဦးငွန်မောင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးက စိတ်ရှည်လက်ရှည် ပြည့်ပြည့်စုံစုံ ရှင်းလင်းဆွေးနွေးပေးသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်မှ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းကို ယခု သိရှိနားလည်ပြီဖြစ်သည့်အတွက် မိမိ၏အဆိုကို ဆက်လက်ဆွေးနွေးရန် မလိုတော့ပါကြောင်း တင်ပြသည်။

ကြေညာ

ယင်းသို့ ကာယကံရှင်က မိမိ၏အဆိုကို ပြန်လည်ရုပ်သိမ်းလိုကြောင်း တင်ပြခြင်းအပေါ် လွှတ်တော်က သဘောတူသည့်အတွက် ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏ **"ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရေး"** အဆိုကို ဆက်လက်ဆောင်ရွက်ရန် မလိုတော့ကြောင်း ကြေညာသည်။

ဆက်လက်၍ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းက **"ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ဆန္ဒကို ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

စာရင်းတင်သွင်း

ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းတင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၁၄ ရက်(တနင်္လာနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့တွင် ဆွေးနွေးမည်ဖြစ်သည်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ) ဦးခင်မောင်ရည်က **"စီးပွားရေးအခွင့်အလမ်းနည်းပါးလှသော ချင်းပြည်နယ်ရှိ ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းအလို့ငှာ ချင်းပြည်နယ်အတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခွင့်ကို ဖွင့်လှစ်ပေးပါရန်"** အဆိုကို တင်သွင်းရန်ဖြစ်သော်လည်း ကာယကံရှင်က မိမိတင်သွင်းမည့်အဆိုသည် မိမိရှေ့က ဦးငွန်မောင်းတင်သွင်းသွားသောအဆိုနှင့် တစ်သဘောတည်း ဆက်စပ်ပြီး ရည်ရွယ်ချက်ချင်း တူညီနေသည့်အတွက် မိမိ၏အဆိုကို မတင်သွင်းလိုတော့ပါကြောင်းနှင့် အဆိုကို ပြန်လည် ရုပ်သိမ်းပါကြောင်း တင်ပြသည်။

ဦးခိုင်မောင်ရည် (ခ) ဦးခင်မောင်ရည်၏ အဆိုပြန်လည်ရုပ်သိမ်းမှုကို လွှတ်တော်က သဘောတူသည့်အတွက်အဆိုကို ပြန်လည်ရုပ်သိမ်းကြောင်းဆုံးဖြတ်အတည်ပြုသည်။

ဆက်လက်၍ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းက **"ချင်းပြည်နယ်၏ မြို့တော်ဟားခါးကို အခြားပြည်နယ်မြို့တော်များကဲ့သို့ အဆင့်မီတည်ဆောက်ပေးရေး"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ ဆန္ဒကို ရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း တင်သွင်းသည့် အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၁၄ ရက်(တနင်္လာနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့တွင် ဆွေးနွေးမည်ဖြစ်သည်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရုပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ကို မတ်လ ၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရုပ်နားလိုက်သည်။ **(သတင်းစဉ်)**

အောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁၂ ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်း၌ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မတ် ၁၁

ယနေ့ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ် ၃၃ စက္ကန့်အချိန် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၁၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၈ ဒသမ ၉ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံ၌ ဖြစ်ပေါ်သော အင်အားအလွန်ပြင်းငလျင်ကြောင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိနိုင်ငံများ၌ ဆူနာမီရေလှိုင်း ဖြစ်ပေါ်နိုင်ခြင်းမရှိ

နေပြည်တော် မတ် ၁၁

ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ် ၃၃ စက္ကန့်တွင် ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၈ ဒသမ ၉ အဆင့်ရှိအင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီးတစ်ခု လှုပ်ရှားခဲ့မှုကြောင့် ဂျပန်နိုင်ငံရှိ ဒေသအသီးသီး၌ ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းဆူနာမီသည် မြန်မာနိုင်ငံနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယသမုဒ္ဒရာအတွင်းရှိ နိုင်ငံများသို့ ဆူနာမီရေလှိုင်းများဖြစ်ပေါ်ရောက်ရှိနိုင်ခြင်းမရှိကြောင်းမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၁

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၂)ရပ်ကွက်နေ ဦးတီအီး (ခေါ်) ဦးအောင်လွင်သည် မတ် ၁၀ ရက် နံနက် ၉ နာရီခန့်က အောက်ဘိုတဲနှင့် နဘူးလမ်း နောင်တိုင်းတောင်ကြား၌ လမ်းလုပ်ငန်းပြုပြင် ဆောင်ရွက်နေစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ညာခြေနှင့် ညာလက်တို့တွင် ပွန်းပဲ့၊ ထိရှ ဒဏ်ရာများ ရရှိခဲ့သဖြင့် ကော့ကရိတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးဝါးကုသပေးလျက်ရှိကာ လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့၌ ရစ်ချ်တာစကေး ၈ ဒသမ ၉ ရှိ ငလျင်ကြီးလှုပ် ကြီးမားသော ဆူနာမီဖြစ်ပေါ်၊ အဆောက်အအုံနှင့်ယာဉ်များကို ဖျက်ဆီးဝါးမျို

မောင်မောင်မြင့်ဆွေ ရေးသားသည်

ယခုတလော ကမ္ဘာ့နေရာဒေသအချို့တွင် ငလျင်များ ဆက်တိုက်လှုပ်လာသည်။ ကမ္ဘာကြီး ပူနွေးလာမှုနှင့်အတူ ကမ္ဘာ့မြေထုအတွင်းပိုင်း၌ လှုပ်ရှားပြောင်းလဲမှုများ ဖြစ်ပေါ်ကာ အင်အားကြီးမားသော ငလျင်ကြီးများ ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။ အင်အားပြင်းထန်သော ငလျင်များနှင့်အတူ

ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့ လေဆိပ်အတွင်း ဆူနာမီရေလှိုင်းများ ဝင်ရောက်လာစဉ်။

ကြောက်မက်ဖွယ်ကောင်းသော ဆူနာမီရေလှိုင်းကြီးများလည်း ကမ္ဘာ့ပင်လယ်များ၌ ထွက်ပေါ်လာရာ ကမ္ဘာ့နိုင်ငံအချို့ ပျက်စီးဆုံးရှုံးမှုများစွာဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာအတွင်းနှင့်အနားသတ်နိုင်ငံများတွင် ယခုရက်ပိုင်းအတွင်း အင်အားပြင်းသော ငလျင်လှုပ်မှုများ ခပ်စိပ်စိပ် ဖြစ်ပေါ်လာသည်။ မတ်လ ၁၀ ရက်နေ့ တစ်ရက်တည်း၌ပင် ပစိဖိတ်သမုဒ္ဒရာအတွင်းနှင့် အနားသတ်နိုင်ငံများတွင် အင်အားပြင်း ငလျင်များ လှုပ်ခဲ့သည်။ ဆက်တိုက်လှုပ်နေသော ငလျင်ငယ်များက မနည်းချေ။ ထိုနေ့က ပါပူဝါနယူးဂီနီကျွန်းတွင် ရစ်ချ်တာစကေး ၆ ဒသမ ၅ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့သည်။ တရုတ်နိုင်ငံယူနန်ပြည်နယ်၌ ယင်းနေ့မှာပင် ရစ်ချ်တာစကေး ၅ ဒသမ ၈ ရှိ ငလျင်လှုပ်ခဲ့ရာ လူပေါင်း ၃၇ ဦး ထက်မနည်း သေဆုံးခဲ့ရသည်။ ထိုနေ့ကပင် ရစ်ချ်တာစကေး ၆ဒသမ၈ရှိ အင်အားပြင်းငလျင်တစ်ခု ဂျပန်နိုင်ငံ၏ ဟွန်ရှူးကျွန်း ကမ်းလွန်၌ လှုပ်ခတ်ခဲ့သည်။

၄င်းနေ့မတိုင်မီ တစ်ရက်ဖြစ်သော မတ် ၉ ရက်ကလည်း ဂျပန်နိုင်ငံ တိုကျိုမြို့ အရှေ့မြောက်ပိုင်း ကမ်းလွန် ၁၀၄မိုင်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုပြီး ရစ်ချ်တာစကေး ၇ ဒသမ ၃ ရှိ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခဲ့ရာ ပင်လယ်ပြင်၌ အမြင့် ၂ ပေရှိသည့် ဆူနာမီလှိုင်းများဖြစ်ပေါ်ပြီး အိုဖူနာတို့မြို့ ကမ်းခြေသို့ ရိုက်ခတ်ခဲ့သည်။ ထိုငလျင်လှုပ်ပြီး ရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ ငလျင်တစ်ကြိမ် ထပ်မံလှုပ်ခဲ့ကြောင်း ဂျပန်ငလျင် တိုင်းတာရေးဌာနက ပြောကြားခဲ့သည်။ ယင်းငလျင်များကြောင့် ရထားများ ပြေးဆွဲမှု ခေတ္တရပ်ဆိုင်းခဲ့ရသည်။

၄င်းရက်များ မတိုင်မီမတ် ၅ရက်က ပစိဖိတ်သမုဒ္ဒရာအတွင်း ဟာဝိုင်ယီကျွန်းရှိ ကီလာယူအီရာ မီးတောင်သည် ငလျင်ငယ်ပေါင်း အကြိမ်(၁၅၀)ခန့် လှုပ်ပြီးနောက် ပေါက်ကွဲခဲ့သည်။ အဆိုပါ မီးတောင်မှ ထွက်ရှိသော ချော်ရည်များမှာ မီးစွယ်များ တောက်လောင်လျက် ဝန်းကျင်ဒေသများသို့ စီးဆင်းပျံ့လွင့်ခဲ့သည်။

ယင်းသို့ မီးတောင်ပေါက်ကာ ငလျင်များလှုပ်ပြီးမကြာသောကာလ မတ် ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၆ မိနစ်၌ ဂျပန်နိုင်ငံ တိုကျိုမြို့မှ မြောက်ဘက် မိုင် ၂၅၀ ခန့်အကွာ ပင်လယ်ကြမ်းပြင်အောက် မိုင် ၂၀ ကို ဗဟိုပြုပြီး ရစ်ချ်တာစကေး ၈ ဒသမ ၉ ရှိ အင်အားပြင်းထန်သော ငလျင်လှုပ်ခဲ့သည်။ ငလျင်ဗဟိုနှင့် အနီးဆုံးမြို့မှာ ဟွန်ရှူးကျွန်းရှိ ဆန်ဒိုင်းမြို့ဖြစ်သည်။ အထိခိုက်ပျက်စီးမှုအများဆုံး ဖြစ်ခဲ့သည်။ အဆိုပါ ငလျင်လှုပ်ခတ်မှုကို ဂျပန်ငလျင်တိုင်းတာရေးဌာနမှ ရစ်ချ်တာစကေး ၈ ဒသမ ၈ ဟု ဖော်ပြသော်လည်း ပစိဖိတ်ငလျင်တိုင်းတာရေးဌာနမှ ရစ်ချ်တာစကေး ၈ ဒသမ ၉ ရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အင်အားပြင်းထန်သော ငလျင်လှုပ်မှုကြောင့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တရုတ်၊ ရုရှားနိုင်ငံ စသည့် ပစိဖိတ်ကမ်းခြေဒေသများနှင့် ဟာဝိုင်ယီကျွန်းအပါအဝင် တောင်အမေရိကနှင့် မြောက်အမေရိကနိုင်ငံ စုစုပေါင်း ၅၃ နိုင်ငံတွင် ဆူနာမီသတိပေးချက်များ အရေးပေါ် ထုတ်ပြန်ခဲ့ရသည်။ ပစိဖိတ် ဆူနာမီ သတိပေးရေးဌာနက ချီလီနိုင်ငံအထိ ဆူနာမီရေလှိုင်းများ ရိုက်ခတ်နိုင်ကြောင်း ပြောကြားခဲ့သည်။



ဂျပန်နိုင်ငံ မီတိုမြို့၌ ငလျင်ဒဏ်ကြောင့် ကားရပ်နားစခန်း၌ ကားများပျက်စီးနေစဉ်။

ငလျင်လှုပ်မှုကြောင့် တိုကျိုမြို့ အပါအဝင် အခြားမြို့များ၌လည်း နေအိမ်များ ပြိုကျ ပျက်စီးခဲ့သည်။ ငလျင်လှုပ်ပြီး မကြာမီ ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ခဲ့မှုကြောင့် မီယာဂီ၊ ဖူကူရှီမာ စီရင်စုတို့မှာ ဆူနာမီရေလှိုင်းဒဏ်ခံစားခဲ့ရပြီး ကားများ၊ နေအိမ်အများအပြား၊ သင်္ဘောများပါ ကုန်းတွင်းပိုင်းအထိရောက်အောင် ဆူနာမီလှိုင်းများက တွန်းချေ ဖျက်ဆီးဝါးမျိုပစ်ခဲ့သည်။

ထို့အတူ တိုကျိုမြို့အနီး ချီဘာစီရင်စုရှိ အီချီဟာရာမြို့တွင် သဘာဝဓာတ်ငွေ့သိုလှောင်ကန် ပေါက်ကွဲပြီး မီးလောင်ခဲ့

တိုကျိုမြို့အနီး ချီဘာစီရင်စုတွင် ငလျင်ဒဏ်ကြောင့် သဘာဝဓာတ်ငွေ့ သိုလှောင်ကန် မီးလောင်နေစဉ်။

သည်။ တိုကျိုမြို့ရှိ တက္ကသိုလ်တစ်ခု၌ ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပနေသည့် ခန်းမခေါင်မိုးလည်း ငလျင်ဒဏ်ကြောင့် ပြုတ်ကျခဲ့ပြီး လူ ၂၀ခန့် ဒဏ်ရာရရှိ ခဲ့သည်။ တိုကျိုမြို့နေလူများနှင့် အလုပ်သမားများမှာ ကြောက်လန့်တကြား အော်ဟစ်ပြေးလွှားခဲ့ကြသဖြင့် ရုံးများ၊ လူနေ အထပ်မြင့်တိုက်ခန်း အဆောက်အအုံများ၏ လှေကားနှင့် ထွက်ပေါက်များတွင် လူအများ ပြည့်ကျပ်ပိတ်ဆို့ခဲ့ရသည်။ ကျည်ဆန်ရထားပြေးဆွဲမှုများ ရပ်ဆိုင်းလိုက်ရပြီး နျူကလီးယားဓာတ်အားပေးစက်ရုံအချို့ အအေးပေးစနစ်များ ရပ်ဆိုင်းခဲ့သည်။

ငလျင်လှုပ်ချိန်တွင် တိုကျိုမြို့မှ အဆောက်အအုံများယိမ်းထိုးလှုပ်ခါနေပြီး ပင်လယ်ပြင်၌ ဆူနာမီရေလှိုင်းများ တက်လာမှုမှာ သင်္ဘောကိုယ်ထည်ကြီး တစ်ခုကမ်းဆီသို့ တစ်ရှိန်ထိုး တိုးဝင်လာသကဲ့သို့ ရှိနေခဲ့သည်။ တိုကျိုမြို့နေပြည်သူများမှာ လမ်းများပေါ်၌ ဝရုန်းသုန်းကား ပြေးလွှားခဲ့ကြသည်။ တိုကျိုမြို့ရှိ သယ်ယူပို့ဆောင်ရေးယာဉ်နှင့် မြေအောက်ရထားများ ရပ်ဆိုင်းသွားပြီး အထပ်မြင့် အဆောက်အအုံအများအပြား၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားကာ ဓာတ်လှေကားများလည်း ရပ်ဆိုင်းသွားခဲ့သည်။ တိုကျိုမြို့ ရထားဘူတာရုံများ ဝန်းကျင်နှင့် ဘေးကင်းရာ ရင်ပြင်များတွင် လူထောင်ပေါင်းများစွာဖြင့် ပြည့်ကျပ်လျက်ရှိသည်။

ငလျင်လှုပ်မှုကြောင့် ဖြစ်ပေါ်လာသော ဆူနာမီလှိုင်းများမှာအမြင့် ၃၃ ပေခန့်အထိရှိခဲ့ရာ မီယာဂီစီရင်စုရှိ ဆန်ဒိုင်းမြို့ကမ်းခြေသို့ အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်ရိုက်ခတ်ခဲ့သည့်အတွက် ကမ်းခြေရှိ နေအိမ်အဆောက်အအုံများစွာ ပျက်စီးခဲ့ရသည်။ လောလောဆယ် မတ် ၁၁ရက် ည ၁၁နာရီအထိ သတင်းထုတ်ပြန်မှုအရ သေဆုံးသူ ၁၀၀၀ ကျော်ရှိကြောင်း၊ သေဆုံးသူဦးရေ တိုးမြင့်လာနိုင်ကြောင်း သိရသည်။ ဆန်ဒိုင်းမြို့ လေဆိပ်အတွင်းထိ ဆူနာမီရေလှိုင်းများ ဝင်ရောက်ခဲ့ရာ ရေလှိုင်းနှင့်အတူ ပါရှိလာသည့်ကားများ၊ အပျက်အစီးများမှာ လေဆိပ်အတွင်းနှင့် လေယာဉ်ပြေးလမ်းများတွင် ပြန့်ကျဲနေခဲ့သည်။

ငလျင်ကို ကြိုတင်ခန့်မှန်း၍လည်း မရသေး၊ တားဆီးဟန့်တား၍လည်း မစွမ်းနိုင်၊ သဘာဝတရား၏ ဘေးအန္တရာယ်တစ်ခုအဖြစ် ကမ္ဘာ့လူသားတို့ ဆက်လက်ရင်ဆိုင် ကြုံတွေ့နေကြရမည်သာ ဖြစ်သည်။ ။ **(အင်တာနက်)**

ဂျပန်နိုင်ငံ၌ အင်အားပြင်းငလျင်များလှုပ်ခဲ့မှုဇယား

ခုနှစ်	နေရာ	ရစ်ချ်တာစကေး	သေဆုံးသူဦးရေ
၁၈၉၆ ဇွန် ၁၅	ဆန်ရီကူမြို့	၈ ဒသမ ၅	၂၇၀၀၀ ကျော်
၁၉၂၃ စက်တင်ဘာ ၁	ကန်တိုမြို့	၈ ဒသမ ၃	၁၄၂၀၀၀ ဦး
၁၉၂၇ မတ် ၂၇	မီနိယားမားမြို့	၇ ဒသမ ၆	၃၀၂၀ ဦး
၁၉၃၃ မတ် ၂	ဆန်ရီကူမြို့	၈ ဒသမ ၄	၃၀၀၀ ဦး
၁၉၄၈ ဇွန် ၂၈	ဖူကူအီမြို့	၇ ဒသမ ၁	၃၇၆၉ ဦး
၁၉၉၅ ဇန်နဝါရီ ၁၇	ကိုဘေးမြို့	၆ ဒသမ ၈	၆၄၃၄ ဦး
၂၀၁၁ မတ် ၁၁	ဆန်ဒိုင်းမြို့	၈ ဒသမ ၉	၁၀၀၀ ကျော် (ည ၁၁နာရီအထိ)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ဇန်နဝါရီ ၃၀ ရက်က မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဆိပ်ငယ်ဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



တိုက်ကြီးမြို့နယ် အဖျောက်မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်နေမှုကို မတ် ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကြည်တင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများမီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၃ရက်က သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ စုပေါင်းလေ့ကျင့်ကြစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျင်သိန်းနှင့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဦးခင်လေးတို့က ထားဝယ်မြို့ ဓာတ်အားပေးစက်ရုံ မီးဘေးကြိုတင်ကာကွယ်ရေး ပြင်ဆင်ထားရှိမှုကို မတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)၌ မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြု လက်တွေ့ သရုပ်ပြပွဲကို မတ် ၉ ရက်က ကျင်းပရာ တာဝန်ခံအရာရှိ ဦးနိုင်ထွန်း၊ ရှမ်းပြည်နယ် မီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ဖေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်ကြီးခရိုင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမျိုးဇင်ဝင်းနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် လာရောက်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ နံနက်ပိုင်းတွင် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး၊ ပြပွဲဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကိုလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် အတွင်း၌ ခင်းကျင်းပြသထားသော ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများနှင့် ရတနာပစ္စည်းအရောင်းဆိုင်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ၏ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများနှင့် ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ပြပွဲနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ကြီးကြပ်ဆောင်ရွက်

ထို့အတူ နံနက် ၈ နာရီခွဲတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများနှင့် ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲ၊ ကျောက်စိမ်းအတွဲများနှင့် ပုလဲအတွဲများအတွက် ဈေးနှုန်း အဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့်ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံ၍ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထို့နောက် နံနက်(၉)နာရီတွင် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပုလဲကုမ္ပဏီများ၏ ရောင်းချမည့် ပုလဲအတွဲများအတွက် အဆိုပြုလွှာများ ထည့်သွင်းကြသည်။

ရောင်းချ

ယင်းနောက် မွန်းလွဲ ၁နာရီတွင် တင်ဒါပုံးများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြပြီး တင်ဒါရရှိသူများစာရင်းကို ကြေညာရာ ပုလဲအတွဲပေါင်း (၇၃)တွဲရောင်းချရကြောင်း သိရှိရသည်။ ပုလဲအတွဲများကို ညနေပိုင်းတွင် တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချလျက်ရှိသည်။ မတ် ၁၂ ရက်တွင်လည်း ပုလဲအတွဲများကို တင်ဒါစနစ်၊ လေလံစနစ်တို့ဖြင့် ရောင်းချမည်ဖြစ်သည်။

ဝတ်ဆင်ပြသ

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် အနုပညာရှင်များနှင့် တေးသံရှင်များက ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များအား မဏိရတနာကျောက်စိမ်းခန်းမ၌ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး မြန်မာအမျိုးသမီးလေးများက အဖိုးတန်ကျောက်မျက်ရတနာများကို ဝတ်ဆင်၍ ပြသကြသည်။

ဆက်လက်ကျင်းပမည်

နေပြည်တော်၌ ဒုတိယအကြိမ်ကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၂၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၂-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၁၅ ၄။ အဖွင့်သီချင်း
၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၃၇)
၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **တစိမ့်စိမ့်စူး** ဟိန်းဝေယံ၊ စိုးမြတ်နန္ဒာ၊ စိုးပြည့်သဇင် (ဒါရိုက်တာ - မိုးကြိုး)
၁၃:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၄၈)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၇ ၃။ နိုင်ငံတော်သီချင်း
၄:၁၃ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
၄:၂၃ ၇။ မြန်မာသံစဉ်
၄:၄၀ ၈။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၅၀ ၉။ ကုန်သွယ်သုတ
၄:၅၅ ၁၀။ မီးသတ်ပေးနိုးဆော်ချက်
၅:၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ လျှပ်တစ်ပြက်
၆:၃၀ ၁၆။ **စားဖို့ဆောင်ချစ်သူ**
၆:၅၀ ၁၇။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၈)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ လူရွှင်တော်စတား
၂၄။ အင်္ဂလိပ်စာသုတ
၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း-၁၆)
၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၃၅)

လူမှုဒါန ဝေးလိုက စဉ်ပမီးဘေး ကာကွယ်ပေး

SKY NET SPORTS — ရုပ်သံလိုင်းများမှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည့် ဘောလုံးပွဲစဉ်များ

ဂျာမနီဘွန်ဒက်လီဂါဘောလုံးပြိုင်ပွဲ (Live) ပွဲစဉ်များ

12-3-2011(SAT)	9:00 PM	Bayen Munich Vs Hamburger	Sky Net Sports-2 (Live)
12-3-2011(SAT)	12:00 PM	Werder BremenVs Mochangladbach	Sky Net Sports-2 (Live)

ပြင်သစ်လီဂူးဘောလုံးပြိုင်ပွဲ (Live) ပွဲစဉ်

13-3-2011(SUN)	12:30 AM	Sochaux Vs Lyon	Sky Net Sports-3 (Live)

စပိန်လာလီဂါဘောလုံးပြိုင်ပွဲ (Live) ပွဲစဉ်များ

13-3-2011(SUN)	1:30 AM	Real Madrid Vs Hercules	Sky Net Sports-1 (Live)
13-3-2011(SUN)	3:30 AM	Zaragoza Vs Valencia	Sky Net Sports-1 (Live)

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ (Live) ပွဲစဉ်

13-3-2011(SUN)	2:15 AM	Cesena Vs Juventus	Sky Net Sports-2 (Live)





ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆/၃၊ မြေကွက်အမှတ် ၃၅၉/ခ၊ မြေကွက်တည်နေရာ ၃၅၉၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ ၁၆/၃ ရပ်ကွက်၊ သဃ်န်းကျွန်း(၁)ဦးကောင်အိန်၊(၂)ဦးကော့တျောင် အမည်ပေါက် နှစ် ၆၀ မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကောင်အိန် ကွယ်လွန်သဖြင့် ဒေါ်လှလှဝင်း ၁၂/သဃက(နိုင်)၀၂၃၄၇၃ က ဦးကောင်အိန်၏ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးကောင်အိန်၏ ကိုယ်စားကျန်အမည်ပေါက်ဖြစ်သူ ဦးကော့တျောင်နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်မြတ်ကျော် မှတ်ပုံတင်နံပါတ် ၁၁/ပတန(နိုင်) ၀၄၆၀၈၇ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်စေလိုပါသည်။ **ဖုန်း-၃၈၅၀၆၂။**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၆၅၇၀၂ Luojia ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်စိန် ၉/ပသတ(နိုင်) ၀၂၇၀၅၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့။**

အမြန်ရောင်းမည်

မြေညီထပ်၊ အနော်ရထာလမ်းမပေါ်နှင့် ၃၉လမ်းထောင့်၊ (၁၂ ပေခွဲ × ၅၅ ပေ)၊ ဖုန်းပါ။

ဆက်သွယ်ရန်-
ဖုန်း-၆၆၇၉၈၃၊ ၀၉-၅၄၀၆၀၀၊ ၀၉-၅၁၈၉၅၆၊ ၄၄၁၂၉၄၃။

K.K.L

မြို့တွင်း/ပြင် ခရီးစဉ်အမျိုးမျိုး ကားငှားရန်ရှိသည်။

ဖုန်း - ၀၉-၅၀၀၁၃၄၇၊ ၀၉-၅၀၄၀၀၃၂။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်ကောင်း မြတ် CDC-64449 ၏ MOT 2nd Class Part-A Certificate ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၇၃၁၅၁၃၅၇။**

အမည်ဖြည့်စွက်

အမှတ်(၅၂)၊ အနောက်အောင်မေတ္တာ(၄)လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ မောင်ပြည့်စုံဖြိုး ၁၂/မရက(နိုင်)၁၄၂၄၅၃ ၏ ဖခင်အမည်အား ဦးဆန်းဝင်း(ခ) ဦးမောင်မောင်စန်းဟု ဖြည့်စွက်ခေါ်ပါရန်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ပြေကြားခြင်း၊ အဆိုများကို ဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

နိုင်ငံတစ်ဝန်းလုံးတွင် မည်သည့်အရပ်ဒေသ၌ နေထိုင်သည်ဖြစ်စေ တက္ကသိုလ်ပညာသင်ကြားနိုင်ရန် University of Distance Education တည်ဆောက်ကာ သင်ကြားပေးလျက်ရှိ

နေပြည်တော် မတ် ၁၁

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၃) ဦးရှိသည့်အနက် (၂၂၀) ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၅ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❐

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)